


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ကြီး
မန္တလေးမြို့၌ဟောကြားတော်မူသောတရားတော်

# ဘုရားကဘယ်သူ့ ကိုးကွယ်ပါလိမ့်

(၁၄၇)

ဟောကြားသည့်နေ့
၈ - ၁ - ၅၉

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ဟောကြားတော်မူသောတရားတော်

# ဘုရားက ဘယ်သူ့ကိုးကွယ်ပါလိမ့်

THITSARPARAMI LIBRARY
Date ........................

ဟောကြားသောနေ့ (၈-၁-၅၉)

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားတော်မူသောတရားတော်

# ဘုရားက ဘယ်သူ့ကိုးကွယ်ပါလိမ့်

ဟောကြားသောနေ့ - ( ၈-၁-၅၉ )

ဒကာဒကာမတွေ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို အားကိုးကြ၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကိုလည်း ကယ်နိုင်တယ်လို့ ထင်ပြီး သကာလလည်း အားကိုးကြတယ်။

သို့သော် ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို အားကိုးရတာ အားမကိုးနဲ့လို့ ဆရာသမားက မဆုံးမဘူး ဘုရားဘယ်သူ့ကိုးကွယ်သတုံးဆိုတာက စသိဖို့ အရေးကြီးတယ်. . . (မှန်လှပါ)။

## ဘုရားက ဘယ်သူ့ကိုးကွယ်ပါလိမ့်

ဘုရားက ဘယ်သူ့ကိုကိုးကွယ်ပါလိမ့် . . . (တရားကို

ကိုးကွယ်ပါတယ် ဘုရား)။ အဲဒါတွေ မပျောက်စေနဲ့။ တရားကိုးကွယ်တယ်ဆိုတာ မပျောက်စေနဲ့။

ဘုရားသခင် ကိုယ်တော်မြတ်ကြီး တရားကိုးကွယ်တယ် တရားကိုးကွယ်တော့ ဘုရားဖြစ်ပြီးမှ တရားကိုပဲကိုးစားရာအားထားရာအဖြစ်နဲ့ လုပ်သောကြောင့်၊ ဩော်. . . ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ ငါ့ထက်အရေးကြီးတာ တရားပါလား ဆိုတာ သူကိုယ်တိုင်သက်သေခံသွားတယ်လို့ တစ်နံပါတ်မှတ်ထားပါ။ (မှန်လှပါ)။

## ဘုရားထက်အရေးကြီးတာ ဘာပါလိမ့်

သူ့ထက်အရေးကြီးတာ ဘာပါလိမ့်. . . (တရားပါဘုရား)။ သူသည်တရားကြောင့် မဂ်တရား ဖိုလ်တရားကြောင့် သူဘုရားဖြစ်ပြီး သကာလ လာတော့၊ ဒီတရားပဲ ကျေးဇူးရှင်ဆိုတာ ဒကာ ဒကာမတွေ နှစ်ရက် သုံးရက်က ပြောခဲ့တဲ့အတွက် သိလောက်ပါပြီ. . . (မှန်လှပါဘုရား)။ သို့သော် ဒါဖြင့် ဘုရားက တရားကို ကိုးကွယ်တာတော့ဖြင့်၊ တရားပဲ ဘုရားက ကိုးကွယ်ရာရှိတယ် ဆိုတာသိသဖြင့်၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေကလည်း ဘုန်ကြီးတို့ ဟောလတ္တံ့၊ ပြောလတ္တံ့ဖြစ်တဲ့ သစ္စာတရားပဲ။ ခင်ဗျားတို့ ကိုးစားရာ၊ အားထားရာ ရှိတယ်လို့

မှတ်ပါ. . . (မှန်ပါ့)။ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

## သစ္စာတရားပဲ ကိုးစားရာ၊ အားထားရာ

သစ္စာတရားပဲ ကိုးစားရာ၊ အားထားရာ ရှိတယ်လို့ အသေအချာမှတ်ပါ. . . (မှန်ပါ့) တစ်ခါ ဆက်မေးပြန်တယ် ဘုရားက၊ တရားကိုးကွယ်တယ်ဆိုတာတော့ သဘောကျပါပြီ ဘုရား ပါဠိတော်မှာလဲ ကိုယ်တော်တိုင် ဟောထားတဲ့အတွက်၊

ဘုရား ဘယ့်နှယ့်ကြောင့် ဘုရားဖြစ်လာပါလိမ့်မတုံးလို့ မေးချင်တယ် ဒကာ ဒကာမတွေ၊ ဘယ်သူ့ကြောင့်ပါလိမ့်. . . (တရားကြောင့်ပါ ဘုရား)။

ဘယ်တရားကြောင့်ပါလိမ့်. . . (သစ္စာတရား ကြောင့်ပါ ဘုရား) ဘယ်သစ္စာပါလိမ့်မတုံး. . . (ဒုက္ခသစ္စာပါ ဘုရား)။

အေး ဒုက္ခသစ္စာထဲကလည်း ကောက်နုတ်ချက်ထုတ် ပြန်တော့ ဇရာ၊ မရဏကြောင့် ရှင်းပလား. . . (ရှင်းပါပြီ ဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဒကာ ဒကာမ တို့ ဘုရားဆုကိုပန်တယ်၊ ဘုရားအဖြစ်ကို ရချင်တာ သူ့ဇရာ၊ မရဏကို သူစက်ဆုပ်လွန်းလို့ ဘုရားအဖြစ်ကို မရအရ ယူတာပဲ. . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ် ဘုရား)။

ဘုရားဖြစ်တဲ့၊ ဘုရားဖြစ်ချင်တဲ့စိတ် ပေါ်ပေါက်ပြီး သကာလ လာတာကိုက ဒကာဒကာမတို့ ဇရာ မရဏ ဒုက္ခ သစ္စာကြောင့် ဘုရားအဖြစ်ကိုဖြင့် ရမှ အကုန်သိမှ ဇရာ မရဏ ကျော်နိုင်မှာပဲ လွှားနိုင်မှာပဲ ဆိုတာ သူသိတယ်။

ဒါကြောင့် သဗ္ဗညုတဉာဏ်ကို မရအရယူတယ်၊ ဒါဖြင့် သဗ္ဗညုတဉာဏ်တော်ကို မရအရ ယူခြင်းသည် အကြောင်းရင်း ကို ရှာလိုက်လို့ ရှိရင် သြော် . . . ဇရာ မရဏက မူလဘူတ အစပါလားဆိုတာ ပေါ်လာတယ် . . . (တင်ပ့ါ)။

## သစ္စာကြောင့် ဘုရားဖြစ်လာတယ်

ဒါဖြင့် သစ္စာကြောင့် ဘုရားဖြစ်လာတယ် . . . (မှန်လှပါ) ဒကာဒကာမတွေ ဘယ့်နှယ့်မှတ်ကြမယ် . . . (သစ္စာကြောင့် ဘုရားဖြစ်လာပါတယ်ဘုရား)။

သစ္စာကြောင့် ဘုရားဖြစ်လာတယ်ဆိုတာကို ဒကာ ဒကာမတွေ မှတ်ပါ။ ဒါဖြင့် ဒကာဒကာမတို့ သစ္စာကြောင့် ဘုရားဖြစ်လာတယ်ဆိုတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး က ပါ့ရမီဆယ်ပါး အပြားသုံးဆယ်ဆိုတာ နောက်မှ ဖြည့်တဲ့ ပါရမီလို့ မှတ်ပါ . . . (မှန်လှပါ)။

စင်စစ်တော့ သူ ဘုရားအဖြစ်ကို ရချင်တာက

သူ့ကိုယ်ကြီးဟာ ဇရာ မရဏတွေ နှိပ်စက်နေတော့ ဒီဘဝ လည်း ဇရာ မရဏ၊ နောက်ဘဝ ရပြန်လည်း ဇရာ မရဏ အိုသေနဲ့ပဲ၊ ခွဲလို့မရနိုင်ဘူး။

ဒါကြီး ကျော်အောင်၊ လွှားအောင်၊ လွတ်မြောက်အောင် ဘယ်လို လုပ်ရပါ့မတုံးလို့ သူလိုက်ရှာတဲ့အခါကျလို့ရှိရင်လည်း မတွေ့တော့ ဉာဏ်ရင့်မှ ဖြစ်မှာပဲ. . . (မှန်လှပါ)။

သဗ္ဗညုတဉာဏ်ရင့်မှ ဖြစ်မှာပဲဆိုတာ သဘောကျကြပလား (ကျပါတယ်ဘုရား) အဲတော့ သဗ္ဗညုတဉာဏ်ရင့်မှ ဘုရားဖြစ်မှာကို သူသိတော့ သဗ္ဗညုတဉာဏ်ကို မရ အရ ကြိုးစားတာသည် ဇရာ မရဏကြောင့် ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

## ဇရာ မရဏ၊ ဒုက္ခသစ္စာမြင်လို့

ကောင်းပြီ ပါရမီ ဆယ်ပါး အပြားသုံးဆယ်၊ စွန့်ခြင်းကြီးငါးပါးကြောင့်ဆိုတာက ဒကာ ဒကာမတို့ ဒါက အကြောင်းတရားလို့ မှတ်ပါနော် . . . (မှန်ပါ့)။ အကြောင်း အရင်းဆုံးကတော့ ဇရာ မရဏ ဒုက္ခသစ္စာ သူမြင်လို့ သဗ္ဗညုတဉာဏ်ရချင်တဲ့ ဆန္ဒပြင်းပြလာတယ်လို့မှတ်ပါ၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဘုရားဖြစ်လာတဲ့အကြောင်းလည်း သိပြီ၊ ဘုရားဖြစ်လာတော့လည်း တရားဟောချင်လာတယ် . . . (မှန်လှပါ) ဆိတ်ဆိတ် မနေချင်ဘူး တရားဟောချင်လာပြန်တယ်။

ဘယ့်နှယ်ကြောင့် တရားဟောချင်လာပြန်ပါလိမ့်မလဲလို့ မေးခွန်းထုတ်ပြန်တော့လည်း ဦးခင်မောင်ကြည်လည်း အင်း အိုသေနဲ့ပဲ (မှန်လှပါ)။

ဦးစံရင်တို့ကြည့်လည်း. . . (အိုသေနဲ့ပါဘုရား) ဒီဘက်က ဒကာ ဒကာမတွေ ကြည့်ရင်ကော . . . (အိုသေနဲ့ ပါဘုရား) အိုသေနဲ့ချည်းပဲ နေကြတယ်။

ဒီဟာတွေ ကျုပ်တို့လည်း ဒီအိုသေကိုလွတ်အောင် ဘယ်နည်းနဲ့မှ ရုန်းနိုင်ကြမှာမဟုတ်ဘူး တော်တော်ကြာ ဒီချောက်ထဲပဲ ကျကြမှာပဲ။

ငါသာ ပစ်ထားလို့ရှိရင်ဖြင့် သူတို့သည်ကား အိုသေချောက်ကို ဒီတစ်ချောက်ပြီး ဟိုတစ်ချောက် ကျဖို့ပဲ၊ တစ်ခါ စုတေပြီး ဟိုတစ်ချောက် ဆက်ကျဖို့ပဲဆိုတော့ ဒီချောက်ပဲ ဒကာ ဒကာမတို့ လက်စသတ်နိုင်စရာ အကြောင်းမြင်သေးရဲ့လား. . . (မမြင်ပါဘူးဘုရား)။

## အကန်းတွေအရူးတွေဖြစ်နေကြတယ်

အဲဒီကဲ့သို့ လက်စသတ်စရာအကြောင်းမမြင်တော့၊ ငါမှ မကယ်တင် ဘယ်သူကင်တင်တော့မှာတုံး၊ သူတို့ဟာ သူတို့တော့ဖြင့် ဘယ်နည်းနဲ့မှ အကန်းတွေ၊ အရူးတွေ ဖြစ်နေတဲ့အတွက် လမ်းစ ကမ်းစမှ မတွေ့တော့ပဲ။

လမ်းစ ကမ်းစ တွေ့တဲ့ပုဂ္ဂိုလ်ကမှ မကယ်ယူလို့ရှိရင်လည်း၊ ဘယ်မှာသာလျှင် သူတို့ ဆယ်ယူမဲ့ပုဂ္ဂိုလ် ပေါ်စရာမရှိဘူး၊ ငါကယ်မှပဲ ဆိုပြီး သကာလ တရားဟောတာပဲ ရှင်းပလား (ရှင်းပါပြီဘုရား)။

တရားဟောတာ ဘယ်သူ့ကြောင့်ပါလိမ့် . . . (ဇရာ၊ မရဏကြောင့်ပါဘုရား)။ အို၊ သေ သစ္စာနှစ်ခုကြောင့်ပဲ တရားဟောဖြစ်တယ်။

ဦးမောင်လေးတို့ ကျေနပ်ပလား . . . (ကျေနပ်ပါတယ်ဘုရား)။ နောက်က ဒကာ ဒကာမတွေ ဘုရား တရားဟောဖြစ်တာ ဘာကြောင့်ပါလိမ့် (အိုသေ သစ္စာ နှစ်ခုကြောင့်ပါဘုရား)။

အိုသေ သစ္စာ နှစ်ခုကို လူတိုင်းကြည့်လိုက်ရင်မြင်နေတာပဲ (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အဲတော့ကို ဒီသစ္စာကြောင့် ဘုရားဖြစ်တယ်။ သစ္စာကြောင့် တရားဟောချင်တယ်၊ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

သစ္စာကြောင့် . . . (ဘုရားဖြစ်ပါတယ်) သစ္စာကြောင့် ဘုရားဖြစ်ချင်တာတော့ ကျေနပ်ပါပြီ ဘုရားက ဘုရားဖြစ်ပြီ၊ ငါ့ကိစ္စပြီးပြီ၊ ငါ အငြိမ်နေပါတော့မယ်လို့ မနေဘဲနဲ့ တရားခံမှုတွေ ဟောချင်တဲ့ စိတ် ပေါ်ပေါက်လာတာလည်း ဘယ်သူ့ကြောင့်တုံး . . . (အို သေ သစ္စာကြောင့်ပါဘုရား)။

အို သေ သစ္စာတွေ လျှောက်ကြည့်လိုက်တဲ့အခါ မြင်လို့ပေါ့ဗျာ . . . (မှန်လှပါ) အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ သစ္စာလက်လွှတ် ဘုရားမဖြစ်၊ သဘောကျပလား . . . (မှန်ပါ့)။

## သစ္စာလွှတ်ရင်နိဗ္ဗာန်မရောက်

သစ္စာလက်လွှတ်၊ နိဗ္ဗာန်မရောက် . . . (မှန်ပါ့)၊ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

သစ္စာလက်လွှတ် ဘုရားတောင်မှ မဖြစ်ဘူးတဲ့၊ သစ္စာလွှတ်၍ ဒကာ ဒကာမတွေ သစ္စာကို မကျင့်ကြံဘဲနဲ့၊ ဒီပုဂ္ဂိုလ်တို့သည် ဒုက္ခငြိမ်းရာ နိဗ္ဗာန်ကို ရောက်လိမ့်မယ်လို့ ဆိုတာကို

ဘယ်အခါမှ မမှတ်ပါနဲ့. . . (မှန်ပါ့) ရှင်းပလား . . (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် လိုရင်းအချက်တွေ့ကြပလား. . . (တွေ့ပါပြီ ဘုရား) ဘုရားဘယ်သူ့ကြောင့် ဘုရားဖြစ်. . . (အိုသေ သစ္စာ ကြောင့်ပါဘုရား) အိုသေ သစ္စာကြောင့် ဘုရားဖြစ်တယ်။

ဘုရားဘယ့်နှယ့်ကြောင့် တရားဟောချင်ပါလိမ့်. . . (အိုသေသစ္စာကြောင့်ပါဘုရား)။ အိုသေ သစ္စာတွေကို သူတစ်ပါးမြင်တာနဲ့လည်း တရားဟောချင်တယ်. . . (မှန်ပါ့)။

ဘုန်းကြီးတို့ တရားဟောနေတာလည်း ဒကာ ဒကာမ တွေ ရိပ်မိကြရောပေါ့. . . (မှန်ပါ့) အားလုံး ဒကာ ဒကာမ တွေက လမ်းကြမ်းကြီးချည့် လျှောက်နေတယ်၊ လမ်းကြမ်းကြီး ချည့် လျှောက်နေတယ်ဆိုတော့ ဒကာ ဒကာမတွေက ဖြုန်းခနဲ တော့ မရိပ်မိဘူးပေါ့ဗျာ။

## အိုသေလမ်းကို ဆက်လျှောက်ဦးမယ်

အသေအချာ စဉ်းစားကြည့်တဲ့အခါ သူတို့ ဒါနလေးပြု ပြန်လို့ရှိရင်လည်း နောက်ဘဝကောင်းစာရေးဆိုတော့ ဒီဘဝ အိုသေဘေးကိုလည်း သူလျှောက်လျက်ပဲ . . . (မှန်ပါ့) ဟိုဘဝ အိုသေလမ်းလျှောက်ဦးမယ်လို့ ရည်ရွယ်ချက်ပါတယ်. . . (ပါပါတယ်ဘုရား)။

မပါဘူးလား . . . (ပါ ပါတယ်ဘုရား) အဲဒါတွေ ထောက်ကြည့်တဲ့အခါကျတော့ အင်း သီလလေး ဆောက်တည် ပြန်လည်း နောက်ဘဝအသစ်သေဖို့ ဒီဘဝတော့ဖြင့် ဒီမျှပဲ။

သူ ဘယ်လမ်းလျှောက်မလို့ စိတ်ကူးပြန်တုံး. . . (အိုသေလမ်း လျှောက်မလို့ စိတ်ကူးပါတယ်ဘုရား) ဒါဖြင့် ဟောသင့်ဘူးလား မဟောသင့်ဘူးလား . . . (ဟောသင့်ပါ တယ်ဘုရား)။

ဒီလောက်တောင် ဒီမျက်စိကန်း တစ္ဆေမကြောက်သွား နေတဲ့ ပုဂ္ဂိုလ်တွေကိုး ကယ်မဲ့လူ ယူမဲ့လူ သိတဲ့ပုဂ္ဂိုလ်ကမှ လမ်း ပြကောင်း မတွေ့ဘူးဆိုလို့ရှိရင်ဖြင့် တစ်ချောက်ပြီး တစ်ချောက် ဆက်ကျနေတာပဲလို့ ဆုံးဖြတ်ချက်ချရမှာပဲ . . . (မှန်လှပါ ဘုရား)။

တခြား ဘာချစရာရှိသေးတုံး . . . (မရှိပါဘူးဘုရား) ဒါတွေ သဘောကျပြီ. . . (ကျပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ ရှင်းသွားတော့ကိုး တဲ့ ဒီနေ့ ဟောရမှာက ကတညုဏ်ကို ဟောလိမ့်မယ်. . . (မှန်ပါ့)။

သစ္စာညာဏ်က ပြီးခဲ့ပြီ . . . (မှန်ပါ့) ကိစ္စညာဏ်ကကော (ပြီးခဲ့ပါပြီဘုရား)။ ကတညုဏ်ကျန်တယ်။

## ကတညာဏ်ဆိုတာ

ကတညာဏ်ဆိုတဲ့ဥစ္စာက ဒကာ ဒကာမတွေ အကျဉ်းချုပ်မှတ်ထားကြ၊ ကိစ္စပြီးပြီလို့ သိတဲ့ဉာဏ်ဟာ ကတညာဏ် (မှန်ပါ့) ကိစ္စပြီးပြီလို့ သိတဲ့ဉာဏ် . . . (ကတညာဏ်ပါဘုရား)။

ကောင်းပြီ၊ ကိစ္စပြီးပြီလို့ သိတဲ့ဉာဏ်ဟာ ကတညာဏ်လို့ မှတ်ထားတော့ကို၊ ဒါ ကိုယ်စိတ်ထဲမှာ ကိုယ့်သောတာပန်တည်တာကိုယ်သိတာပေါ့ဗျာ (မှန်ပါ့)။

ကိစ္စပြီးပြီလို့သိတာ ဘာဉာဏ်ခေါ်ကြ. . . (ကတညာဏ်ပါဘုရား) ကတညာဏ်ဆိုတာ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ကိစ္စပြီးပြီလို့ သိတဲ့ပုဂ္ဂိုလ်ဟာ ကိစ္စလုပ်နေလို့ ကိစ္စပြီးပြီလို့သိတာပဲ. . . (မှန်လှပါ)။ ဟုတ်ဖူးလား။

ကိစ္စဉာဏ်ရတဲ့ ဒကာ ဒကာမတွေ ကိစ္စဉာဏ်က တက်လာလို့ ကတညာဏ် ရောက်တယ်ဆိုတာလည်း ငြင်းစရာ မရှိအောင် မှန်ပါတယ်. . . (မှန်ပါ့) မမှန်ဘူးလား. . . (မှန်ပါတယ်ဘုရား)။

## ကိစ္စပြီးပြီလို့သိတဲ့ဉာဏ်

အဲတော့ ကတညာဏ်ဆိုတာ ပြီးပြီလို့ သိတဲ့ဉာဏ်ဟာ

ဖြင့် သူ လုပ်ဆဲ ပုဂ္ဂိုလ်မို့ အလုပ်ပြီးတာ သိတာပဲ. . . (မှန်ပါ)။

ဘယ်လို ဆုံးဖြတ်ချက် ချကြမတုံး . . . (လုပ်ဆဲပုဂ္ဂိုလ် မို့ အလုပ်ပြီးတာ သိတာပါဘုရား)။ လုပ်ဆဲပုဂ္ဂိုလ်မို့ အလုပ် ပြီးတာ သိတာပဲဆိုသဖြင့် ဒကာ ဒကာမတွေ ဆုတောင်းနဲ့ နိဗ္ဗာန်မရဘူး . . . (မှန်ပါ)။

ဦးမောင်လေးတို့ ကျေနပ်ပလား. . . (ကျေနပ်ပါတယ် ဘုရား) လုပ်ဆဲပုဂ္ဂိုလ်မို့ ဒီကိစ္စတွေ လုပ်ဆဲပုဂ္ဂိုလ်မို့ သြော်-ငါ့ကိစ္စပြီးပြီလို့ သူသိတာ၊ မလုပ်တဲ့ပုဂ္ဂိုလ်က ငါ့ကိစ္စပြီးပြီလို့. . (မသိပါဘူးဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်သွားရမယ့်လမ်းခရီး သည် အလုပ်နဲ့သွားရမဲ့ခရီးဆိုတာကို ဒီဉာဏ်နှစ်ခုကပဲ ရှင်းပြော . . . (မှန်ပါ) မပြောသေးဘူးလား . . . (ပြောပါ တယ်ဘုရား)။

ဒီဉာဏ်နှစ်ခုကပဲ ဒကာ ဒကာမတွေ ရှင်းပြောနေတာ ထောက်လိုက်လို့ရှိရင်ဖြင့် သြော် ဒို့သည်ကားလို့ဆိုရင် ဆုတောင်းနဲ့မပြီး၊ အလုပ်နဲ့မှ ပြီးမှာပါလားဆိုတာဖြင့် ယနေ့ပဲ အားလုံး ဒကာ ဒကာမတွေ ဆုံးဖြတ်ချက်ချပါတော့. . . (မှန်လှပါ) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## အလုပ်လုပ်မှအလုပ်ပြီးတာသိမယ်

ဘယ်လို ဆုံးဖြတ်ချက်ချမတုံး. . . (အလုပ်နဲ့မှပြီးမှာပါဘုရား) အလုပ်လုပ်နေတဲ့ ပုဂ္ဂိုလ်မှ အလုပ်ပြီးတာကိုသိတယ် (မှန်ပါ့)။

အလုပ်မလုပ်တဲ့ ပုဂ္ဂိုလ်ဟာ အလုပ်ပြီးတာကို. . . (မသိပါဘူးဘုရား)။ ဒါဖြင့် ဒကာ ဒကာမတို့ ဝဋ်ဘဝတိုတိုနဲ့ နိဗ္ဗာန်မဂ်ဖိုလ်ရရပါလို၏လို့ ခင်ဗျားတို့က ဆုတောင်းတာလည်း လူကြားကောင်းရုံပဲလို့ မှတ်ပါတော့. . . (မှန်လှပါဘုရား)။

ဘုန်းကြီးဘက်ကနေပြီး မင်းဝဋ်ဘဝတိုတိုနဲ့ နိဗ္ဗာန်မဂ်ဖိုလ် ရအောင် ရောက်အောင် ရကြစေ၊ ရောက်ကြစေဆိုတာလည်း လောကွတ်ပဲမှတ်ပါတော့. . . (မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်. . . (လောကွတ်ပါဘုရား) ဦးမောင်လေးတို့ ဘာမှတ်ကြမယ်. . . (လောကွတ်) လောကွတ်၊ လောကွတ်ဆိုတော့ကို လောကွတ်ဆိုတဲ့စကားဟာက ကိစ္စပြီးတဲ့စကားကိုဆိုတာလား ဝတ်ကျေရုံဖြစ်တာလား (ဝတ်ကျေရုံဖြစ်တာပါဘုရား)။

## လှူပြည်နတ်ပြည်က တောင်းယူလို့ရတယ်

ဝတ်ကျေရုံဖြစ်တာ ထောက်ကြည့်လိုက်သဖြင့် ဒကာ

ဒကာမတွေ လုပ်ယူမှ ရတဲ့ပစ္စည်း လုပ်ယူ၊ ဟုတ်လား၊ တောင်းယူမှရမဲ့ပစ္စည်းကို . . . (တောင်းယူရမှာပါဘုရား)။

အဲ - လူပြည် နတ်ပြည် တောင်းယူလို့ရတယ်လို့ တစ်နေ့က ပြောခဲ့တယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

တောင်းယူလို့ရမယ့် တရားတောင်းယူပါ၊ လုပ်ယူမှရမယ့်ဥစ္စာတော့ . . . (လုပ်ယူရမှာပါဘုရား) နိဗ္ဗာန်ကတော့ဖြင့် လုပ်ယူမှရမယ် ဒကာ ဒကာမတို့ ဘာမှစိတ်ကူးမလွဲနဲ့နော်။

ဘုန်းကြီး ပြောလှချည်လား၊ တပည့်တော်တို့ကို အင်မတန်သိအောင် ပြောလှချည်လားဆိုတော့ လုပ်ယူမှရမယ် ဆိုတာက မဂ္ဂသစ္စာကို ထောက်ကြည့်လိုက်၊ မဂ္ဂသစ္စာမှာ ဘာကိစ္စရှိတယ်ဆိုတာသာ ဝေဖန်လိုက်တော့ ခင်ဗျားတို့ တစ်ခါတည်းနဲ့ ကျေနပ်သွားမယ် . . . (မှန်ပါ့)။

## မဂ္ဂသစ္စာဟာ ဘာဝေတဗ္ဗကိစ္စရှိတယ်

မဂ္ဂသစ္စာဟာ ဘာဝေတဗ္ဗကိစ္စပဲ . . . (မှန်လှပါ) ဆိုတော့ ဘာဝေတဗ္ဗဆိုတာ ပွားရမယ့်ကိစ္စ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါ လုပ်တာမဟုတ်သေးဘူးလား. . . မဂ္ဂသစ္စာဆိုတဲ့

တရားနဲ့ ဘာဝေတဗ္ဗကိစ္စ၊ ဘာဝေတဗ္ဗဆိုတာ ဘယ်လောက်ပွားရမှာတုံးဆိုတော့ ဒကာ ဒကာမတို့ ဒုက္ခမမြင် မြင်အောင်ပွား၊ ဒုက္ခမဆုံး ဆုံးအောင်ပွား ဆိုတော့ ဦးခင်မောင်တို့ ဦးစံရင်တို့ လုပ်ယူရမယ်ဆိုတာ မသေချာဘူးလား . . . (သေချာပါတယ်ဘုရား)

အဲဒါ ဒကာ ဒကာမတွေ တောင်းမယူပါနဲ့လို့ ဘုန်းကြီးက ပြောလိုက်တယ်နော်၊ လုပ်ယူကြပါဆိုတာ ကောင်းကောင်းမတိုက်တွန်းဘူးလား. . . (တိုက်တွန်းပါတယ်ဘုရား)။

ကောင်းကောင်း တိုက်တွန်းတော့ကိုး ဒကာ ဒကာမတွေ လုပ်ယူမယ့် အကြောင်းကိုဖြင့် သေချာပါပြီဘုရား မဂ္ဂသစ္စာမှာ ဘာကိစ္စရှိသတုံးလို့မေးရင် ဘယ့်နှယ်ဖြေကြမတုံး. . . (ဘာဝေတဗ္ဗကိစ္စရှိပါတယ်ဘုရား)။

## ဘာဝေတဗ္ဗဆိုတာပွားရမယ်

ဘာဝေတဗ္ဗဆိုတဲ့ဥစ္စာ၊ ဘာဝေတဗ္ဗ ပွားရမယ်ကွ၊ ပွားရမယ်ဆိုတာ တစ်ကြိမ်ကိုဆိုတာလား၊ အကြိမ်များစွာကိုဆိုတာလား. . . (အကြိမ်များစွာပါဘုရား)။

ဒါဖြင့် ပွားနေရတယ်ဆိုကတည်းကိုက ဒကာ ဒကာမတို့ တောင်းယူတဲ့ကိစ္စမဟုတ်ဘူး၊ ဘယ်လိုဆုံးဖြတ်ချက်ချကြမလဲ

(တောင်းယူရမယ့်ကိစ္စမဟုတ်ပါဘူးဘုရား)။

ဘယ်လိုလုပ်ယူရမတုံး . . . (ပွားများယူရမှာပါဘုရား) ပွားများပြီးသကာလ လုပ်ကိုင်ယူရမယ့်ကိစ္စ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ဘာကိစ္စပါလိမ့် . . (ပွားများပြီးလုပ်ကိုင်ယူရမယ့် ကိစ္စပါဘုရား)ပွားများပြီး လုပ်ယူရမယ့်ကိစ္စနော် - တော်တော်ကြာခင်ဗျားတို့က ဆွမ်းတော်ပွဲ၊ ကွမ်းတော်ပွဲကလေးနဲ့ သွားပြီး လုပ်မနေနဲ့ဦး ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

လုပ်မနေနဲ့ဦး ဒီဥစ္စာ တောင်းယူရမှာဖြင့်လည်း လူ့ပြည် နတ်ပြည်၊ ဗြဟ္မာပြည်ဖြင့် လူ့ပြည်ဖြင့်၊ နတ်ပြည်ဖြင့် တောင်းယူစည်းစိမ်ဥစ္စာရတနာ ပေါများစေခြင်းအားဖြင့် တောင်းယူရပါတယ်။

ပွားများပြီးတော့မှ ရမယ့်ဥစ္စာကို တောင်းယူလို့တော့ (မရပါဘူးဘုရား) မရဘူးဆိုတာ သေချာကြပလား. . . (သေချာပါပြီဘုရား)။

## မဂ်ကိစ္စဟာပွားများယူမှရမယ်

ဘုရားကိုယ်က အသေအချာ ဟောတာပဲ ဘာဝေတဗ္ဗ ကိစ္စကွ၊ မဂ်ရတဲ့ကိစ္စက ဘာကိစ္စပါလိမ့် . . . (ဘာဝေတဗ္ဗ

ကိစ္စပါဘုရား)။

ဘာဝေတဗ္ဗကိစ္စဆိုတာ ဘာပါလိမ့် . . . (ပွားများခြင်းပါဘုရား) ပွားများယူရမယ့်ကိစ္စကို ဆိုတာပါ ဆိုသဖြင့် တောင်းယူ ပါသလား (မပါပါဘူဘုရား)။

ဦးဘတင်တို့ လူစုတွေ . . . (မပါ ပါဘူးဘုရား) တောင်းများတောင်းနေသေးသလား. . . (မတောင်းပါဘူးဘုရား) အခုတော့မတောင်းဘူ။

တော်တော်သေးတယ် အတောင်းကို ပျက်သွားလို့ သဘောကျပလား. . . (ကျပါတယ်ဘုရား) ဒါကြောင့် ဘုန်းကြီးက တစ်ခါတစ်ခါပြောတယ်၊ အဲ- တောင်းယူတဲ့ ပုဂ္ဂိုလ်ဟာ တစ်ဆုပ်တစ်ခဲရတယ်လို့ ဆိုတာခင်ဗျားတို့ မနာပါနဲ့ . . . (မှန်ပါ့)။

မင်းတို့လဲ တောင်းတဲ့ပုဂ္ဂိုလ်တစ်ဆုပ်တစ်ခဲ သနားပါဆိုတာ တောင်းယူတာပဲ. . . (မှန်ပါ့) ဟုတ်ဖူးလား . . . (မှန်ပါ့)။

## လုပ်ယူမှအစိုင်အခဲလိုက်ရမယ်

တောင်းယူလို့ရှိရင်မရပါဘူး၊ လုပ်ယူလို့ရှိမှ အစိုင်အခဲလိုက်ရမယ်ဆိုတာ သဘောကျပလား. . . (ကျပါတယ်ဘုရား) တောင်းယူရင် တစ်ဆုပ်တစ်ခဲတဲ့ ရှင်းပလား. . . ( ရှင်းပါပြီဘုရား)။

လုပ်ယူလို့ရှိရင် အစိုင်အခဲ၊ သဘောကျပလား. . . (ကျပါတယ်ဘုရား) ဘယ့်နှယ်တုံး တောင်းယူရင် . . . (တစ်ဆုပ်တစ်ခဲပါဘုရား) အင်း-လုပ်ယူရင်. . . (အစိုင်အခဲပါ ဘုရား)။

ကဲ - ဦးမောင်လေးတို့၊ ကဲ-ဦးခင်မောင်တို့ ဘယ့်နှယ်တုံး ဦးစံရင်တို့ လူစုတွေ တောင်းများယူချင်သေးသလား၊ တစ်ဆုပ်တစ်ခဲပဲ ကြိုက်သလား. . . မောင်ကိုတို့. . . (တစ်ဆုပ်တစ်ခဲပါဘုရား)။ တစ်ဆုပ်တစ်ခဲ ကြိုက်တဲ့လူတွေလားကွ . . . တစ်ဆုပ်တစ်ခဲကြိုက်စရာလိုသေးသလား. . . (မလိုပါဘူးဘုရား)။

မလိုဘူးတဲ့ ဒါ တောင်းတရား အလုပ်မှာ အတော်ဆိုးတယ်လို့ သဘောပါကြပလား. . . (ပါ ပါတယ်ဘုရား)။

ကဲ ဒါဖြင့် ဒကာ ဒကာမတို့ ကျုပ်တို့ခန္ဓာကိုယ်ကြီးကို ကျုပ်တို့ အကြောင်းသိအောင် လုပ်ကြပါစို့တဲ့၊ အကြောင်းသိအောင် လုပ်ကြပါစို့ဆိုတော့ ကျုပ်တို့ခန္ဓာကိုယ်ကြီးကို ကျုပ်တို့ သူ့အကြောင်းကို ကြိမ်ဖန်များစွာ သူ့အကြောင်းကောင်းကောင်း သိအောင် ကြည့်ကြပါစို့ဆိုတော့ ပွားယူတာ . . . သဘောကျပလား . . . (မှန်ပါ့)။

## ခန္ဓာကိုယ်ကြီးကို ကြိမ်ဖန်များစွာကြည့်

အေး - ဒီခန္ဓာကိုယ်ကြီးကို ကြိမ်ဖန်များစွာကြည့်မှသာ လျှင် သူ ဒုက္ခစက်ကြီး လည်နေတာ ပေါ်မယ်နော် . . . (မှန်လှပါ) နို့မဟုတ်ပေါ်ပါ့မလား. . . (မပေါ်ပါဘူးဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီခန္ဓာကိုယ်ကြီးဟာ ခင်ဗျားတို့ ကတော့ လူခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာလို့ အားလုံး ဒကာ ဒကာမတွေကတော့ဖြင့် ပြောကြတာပဲ ဟုတ်လား. . . (မှန်ပါ့)။

ပြောကြတာလား ပြောလို့ပြင်မှာလည်း အထင်က လည်း ဤအတိုင်းပဲလို့ပဲ ဖြစ်မနေဘူးလား . . . (ဖြစ်နေပါ တယ်ဘုရား)။

ဖြစ်နေတော့ ဒီဥစ္စာ ဖြစ်ပင် ဖြစ်ငြားသော်လည်း၊ ခင်ဗျားတို့က သမုတိသစ္စာ လမ်းဆုံးနေတယ် . . . ပရမတ္ထ သစ္စာ ခင်ဗျားတို့က မထိုးထွင်းဘူး။ ကဲ - ဦးစံရင်တို့ ပြောထိုက်၊ မပြောထိုက် . . . (ပြောထိုက်ပါတယ်ဘုရား)။

နောက်က ဒကာ ဒကာမတွေ (ပြောထိုက်ပါတယ် ဘုရား) ပြောထိုက်တော့ကိုး ခင်ဗျားတို့ သန္တာန်မှာသေသေ ချာချာ ဉာဏ်နဲ့ပဲကြည့်ကြပါစို့လို့ ဆိုလို့ရှိရင်ဖြင့် ခန္ဓာကိုယ်ကြီး ခန္ဓာကိုယ်က ယခုပေါ်တဲ့ ခန္ဓာကိုယ် ကြည့်ရမယ်နော်. . . (မှန်ပါ့)။

## ဘယ်ခန္ဓာကြည့်ရမှာတုံး

ဝိပဿနာလုပ်တဲ့ပုဂ္ဂိုလ် ဘယ်ခန္ဓာကြည့်ရမတုံး. . . (ယခုပေါ်တဲ့ခန္ဓာကိုယ်ကြည့်ရမှာပါဘုရား)။

ဟာ-တပည့်တော်တို့ဖြင့် မွေးတာကြာလှပြီ ဒကာ ဒကာမတွေကလည်း ဆင်ခြေလဲလိမ့်မယ်၊ မလဲပေဘူးလား (လဲပါတယ်ဘုရား)။

မွေးတာအတော်ကြာပြီ တပည့်တော် နှစ်ဆယ့်ငါးနှစ်ရှိပြီ၊ သုံးဆယ်ရှိပြီ၊ အို. . . ဒကာ ဒကာမတွေ ဒီဥစ္စာ ခင်ဗျားတို့က ဉာဏ်မတက်ရလို့ပါ။

အခု အသစ်ပေါ်တဲ့ ခန္ဓာသာကြည့်ပါ၊ ကျုပ် ရှင်း အောင်ပြောပေးပါ့မယ်၊ သဘောကျပလား . . . (ကျပါတယ် ဘုရား)။

ဘာကြည့်ရမှာတုံး . . . (ခု အသစ်ပေါ်တဲ့ ခန္ဓာ ကြည့်ရမှာပါဘုရား)။ အခုပေါ်တဲ့ အသစ်ခန္ဓာကြည့်ရမှာ၊ အသစ်ခန္ဓာကြည့်မှလည်း ပစ္စုပ္ပန်တည့်မယ်. . . (မှန်ပါ့)။

အသစ်ခန္ဓာမကြည့်ရင် . . . (ပစ္စုပ္ပန်မတည့်ပါဘူးဘုရား)။ ပစ္စုပ္ပန်မတည့်ဘူးဆိုတာ သိတော့ အသစ်ခန္ဓာကြည့်ပါ။ အဟောင်းခန္ဓာကို ဘုန်းကြီးက ဘာဖြစ်လို့ မဟောပါလိမ့်မတုံးဆိုတော့ အတိတ်ဖြစ်နေလို့ပေါ့ မင်းတို့ဉာဏ်ဝမထင်ဘူးရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အနာဂတ် ခန္ဓာ လာလတ္တံ့ ဟောပြန်လို့ရှိရင်လည်း မင်းတို့ သန္တာန်မှာ မရောက်သေးဘဲနဲ့ မင်းတို့မှန်းကြည့်၊ ရမ်းကြည့် ဖြစ်နေမှာပေါ့ . . . (မှန်လှပါ) မဆိုထိုက်ဘူးလား. . (ဆိုထိုက်ပါတယ်ဘုရား)။

## အစုပေါ်ဆဲခန္ဓာကိုယ်ကိုကြည့်ရမှာ

ဒါဖြင့် ဒကာ ဒကာမတို့ ယခုပေါ်ဆဲ ကိုယ့်ခန္ဓာကို ကြည့်ကြစို့ . . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဘာကြည့်ရမယ် . . . (ယခုပေါ်ဆဲ ကိုယ့်ခန္ဓာကို ကြည့်ရမှာပါဘုရား)။ ဒါ ကြပ်ကြပ်သတိထား၊ ဒါ အသေအချာ တွေ့ရင် ဒကာ ဒကာမတို့ လိုရာကိစ္စ ပြီးပြီလို့သာ အောက်မေ့ပေတော့။

ဘာဆုမှမတောင်းနဲ့ လိုရာကိစ္စ အကုန်ပြီးမယ်၊ ယခု အသစ်ခန္ဓာဟာ တွေ့အောင်ရှာနိုင်လို့ရှိရင် . . . (လိုရာကိစ္စ ပြီးပါမယ်ဘုရား) လိုရာကိစ္စပြီးမယ်၊ သဘောကျကြပလား. . . (မှန်ပါ့)။

ဘာကြည့်ရမတုံး. . . (ယခုပေါ်ဆဲ အသစ်ခန္ဓာ ကြည့်ရမှာပါဘုရား)။ အသစ်ခန္ဓာကြည့်ရမယ်။

အားလုံး ဒကာဒကာမတွေ ဒီတစ်လုံးဘဲမှတ်ပါ။ ဒကာ

ဒကာမတွေ ဝိပဿနာရှုတဲ့အခါ ဘယ်ခန္ဓာကြည့်ရမှာတုံး. . (အသစ်ခန္ဓာကြည့်ရမှာပါဘုရား)။

## အသစ်ခန္ဓာပဲကြည့်ပါ

အသစ်ခန္ဓာပဲကြည့်၊ အဟောင်းကိုမကြည့်ပါနဲ့နော်၊ အဟောင်းကိုမကြည့်ပါနဲ့ဆိုတာဟာ ဦးဘတင်တို့ ဘုန်းကြီးရှင်းပြောမယ် ဒီဘက်က ဒကာ ဒကာမတွေ ရှင်းပြောမယ်။

အဟောင်းခန္ဓာဟာ မရှိလို့ မကြည့်နဲ့ပြောတာ. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါတယ်ဘုရား) ဘယ်လိုဖြေကြမယ်. . . (မရှိလို့ မကြည့်နဲ့ ပြောတာပါဘုရား)။

ဒါဖြင့် ဘုန်းကြီးပြောတာသည် ဒကာဒကာမတို့ မရှိလို့ မကြည့်နဲ့ ပြောတဲ့ဥစ္စာ၊ ခင်ဗျားတို့ကပဲ ဆင်ကန်းတောတိုးကြည့်မယ်ဆိုရင်တော့ ဒါ အတော်လွဲမှာပဲ . . . (မှန်ပါ့)။

မလွဲပေဘူးလား. . . (လွဲပါတယ်ဘုရား) ဘာဖြစ်လို့တုံး မရှိတာ ကြည့်နေလို့၊ မရှိတာကြည့်တာလောက် ကိုမြွေလွဲတာ ဘယ်ရှာတွေ့မတုံး. . . (မတွေ့ပါဘူးဘုရား)။

တစ်ခါ အနာဂတ်ခန္ဓာကြည့်ပါဆိုတော့ လာမှ မလာသေးတဲ့ ဥစ္စာဘဲ ဦးခင်မောင်တို့၊ ဦးမောင်လေးတို့ ဒါလဲ အလွဲတစ်မျိုးပဲ. . . (မှန်ပါ့) ဆိုရင် ဘယ့်နှယ်တုံး. . . (မှန်ပါတယ်

ဘုရား) သဘောကျကြပလား. . . (ကျပါတယ်ဘုရား)။

ဒါဖြင့် အတိတ်ခန္ဓာလည်း မကြည့်ပါနဲ့. . . (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား) အနာဂတ်ခန္ဓာလည်း (မကြည့်ရပါ ဘုရား)။

ဘယ်ခန္ဓာကြည့်ရမှာတုံး. . . (ပစ္စုပ္ပန်ခန္ဓာပါဘုရား) ပစ္စုပ္ပန်မှ ယခုပေါ်ဆဲ ခန္ဓာ . . . (မှန်ပါ့)။

ဦးစံရင်တို့ ဒါအသေအချာမှတ်ပါနော်. . . (မှန်ပါ့) ဘယ်လိုမှတ်ကြမယ် . . . (ယခုပေါ်ဆဲခန္ဓာပါဘုရား) ယခု ပေါ်ဆဲခန္ဓာလို့ဆိုတော့ ခင်ဗျားတို့ ထင်ရှားပါတယ်တဲ့။

## ပေါ်ဆဲခန္ဓာကြည့်မှ ကတညာဏ်ပေါ်လာမယ်

ယခုပေါ်ဆဲခန္ဓာဆိုတော့ သိပ်ပြီးထင်ရှားပါတယ်၊ အဲဒီ ယခုပေါ်ဆဲခန္ဓာကို ခင်ဗျားတို့ ကြည့်လိုက်လို့ရှိရင် ကတညာဏ် ပေါ်လာလိမ့်မယ်. . . (မှန်ပါ့)။

သူ့မှမတွေ့သေးလို့ရှိရင်ဖြင့် ကတညာဏ် မပေါ်နိုင်ဘူး (မပေါ်နိုင်ပါဘူးဘုရား) ပေါ်ပဲ့မလား. . . (မပေါ်ပါဘူး ဘုရား)။

အဲ့ဒါကြောင့် ဒကာ ဒကာမတို့ နားကြီးကြီးနဲ့ ထောင်ပါ လို့၊ တကယ်တမ်း တရားအစစ်ကို ပြောရတာ မလွယ်ပါဘူးတဲ့၊ ဟုတ်ဘူးလား. . . နားကြီးကြီးနဲ့ ထောင်ပါလို့ သတိပေးလိုက် ပါတယ်။

ကိုင်း. . . နားကြီးကြီးနဲ့ ထောင်ပါဆိုတော့ ပစ္စုပ္ပန် ခန္ဓာထဲပြပါတော့ဘုရား၊ ဒကာ ဒကာမတွေက တောင်းပန်ရတော့မှာပဲ. . . (မှန်ပါ့)။

အဲဒီ တောင်းပန်တဲ့အချိန်ရောက်တော့ ဘုန်းကြီးကပဲ ဒကာ ဒကာမတို့ ခင်ဗျားတို့ အုပ်စု ဘုန်းကြီးပြောနေတဲ့ အသံများ ကြားကြရဲ့လားလို့ မေးလိုက်တယ်. . . (ကြားပါတယ်ဘုရား)။

## နားထဲကြားစိတ်ပေါ်တယ်

ဟာ-ကြားလို့ရှိရင်ဖြင့် ကြားတဲ့စိတ်ပေါ်ပြီ၊ နားထဲကြားတဲ့စိတ်ပေါ်ပြီ၊ ဒါ-ပစ္စုပ္ပန် ခန္ဓာပဲ၊ ကြားတဲ့စိတ်ဟာ ဘာပါလိမ့် (ပစ္စုပ္ပန်ခန္ဓာပါဘုရား)။ မသေချာသေးဘူးလား. . . (သေချာပါတယ်ဘုရား)။

ကြားတဲ့စိတ်ဟာ ဘာခန္ဓာပါလိမ့် . . . (ပစ္စုပ္ပန် ခန္ဓာပါဘုရား) ဩော်. . . ဟုတ်သားပဲ အခု သူကြားတဲ့စိတ်နဲ့ နေတာပဲလို့မဆိုထိုက်ဘူးလား . . . (ဆိုထိုက်ပါတယ်ဘုရား)။

ဒီကြားတဲ့စိတ်ဟာ ပစ္စုပ္ပန်ခန္ဓာလို့ ဆရာဘုန်းကြီးက ပြောတော့ ဒကာ ဒကာမတွေကလည်း အင်း-အခုမှ ပေါ်လာတဲ့စိတ်ဖြင့် နဂိုက ဒီအသံမလာခင်တုံးက ကြားတဲ့စိတ်ကို မရှိပါဘူး. . . ရှိကြရဲ့လား. . . (မရှိပါဘူးဘုရား)။

ဒါဖြင့် မရှိလို့ရှိရင် ဒါ-ပစ္စုပ္ပန် စစ်-မစစ် . . . (စစ်ပါတယ်ဘုရား) ရှင်းပြီးနော် . . . (ရှင်းပါပြီဘုရား)။

ဩော်-ဒါသည်ကားဆိုရင်ဖြင့် အရင်ကြားတဲ့စိတ်တွေက ဘယ်ရောက်ကုန်သတုံးလို့မေးလို့ရှိရင်ဖြင့် အတိတ်ဖြစ်ကုန်ပါပြီတဲ့ လိုက်မနေနဲ့တဲ့ ရှိကို မရှိလို့ မရှုနဲ့။

ရှိကို မရှိလို့ ဘယ့်နှယ်တုံး . . . (မရှုရပါဘုရား) မရှုကြပါနဲ့၊ ရှိကိုမရှိလို့ မရှုကြပါနဲ့၊ ရှုရင် ခင်ဗျားတို့ ပင်ပန်းရုံမျှပဲ . . . (မှန်လှပါ) သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ရှုရင် ဘယ့်နှယ်ဆိုကြမတုံး. . . (ပင်ပန်းရုံမျှပါဘုရား) ပင်ပန်းရုံပဲဆိုတာ အသေအချာ ကျေနပ်ပလား. . . (ကျေနပ်ပါတယ်ဘုရား)။

ကဲ - အခုဘုန်းကြီးပြောတဲ့အသံကြားကြလား. . . (ကြားပါတယ်ဘုရား)။ အဲဒီကြားစိတ်ကလေးက အိမ်ကပါလာတဲ့ ကြားစိတ်လား ခု အသံနဲ့ တွေ့မှပေါ်တာလား. . (အခုအသံနဲ့တွေ့မှ ပေါ်တာပါဘုရား)။

## ဝိညာဏက္ခန္ဓာကသိတယ်

ဒါဖြင့် ဒါ ပစ္စုပ္ပန်ခန္ဓာ၊ ဒါ စိတ်ကို ခန္ဓာဖွဲ့မယ်ဆိုတော့ ဝိညာဏက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ သိတယ်လေ၊ သူက အသံ

ကော မသိဘူးလား . . . (သိပါတယ်ဘုရား) သိတော့ သူ့ဘာခန္ဓာနဲ့ဖွဲ့မတုံး. . . (ဝိညာဏက္ခန္ဓာပါဘုရား)။

သိတော့ ဒီထဲမှာလည်း ဒကာ ဒကာမတွေ ဘုန်းကြီးပြောနေတဲ့အသံကို ကောင်းရင်လည်း ကောင်းတယ်ဆိုတဲ့ဝေဒနာကလည်း ဒီထဲပါတယ်. . . (မှန်ပါ့)။

ဒီအသံ ဒီပြောတဲ့အသံလေးက သဘောလေး ပြောတာပဲ မှန်မှာပဲ. . . (မှန်မှာပါဘုရား)။ မပါဘူးလား . . . (ပါပါတယ်ဘုရား)။

ဒါဖြင့် စိတ် ဝိညာဏက္ခန္ဓာလည်းပါတယ်၊ ကောင်းမကောင်းကို ခံစားတဲ့ ဝေဒနာက္ခန္ဓာ၊ မှတ်တဲ့သညာက္ခန္ဓာ မပါဘူးလား (ပါ ပါတယ်ဘုရား)။

အင်း . . . စေတနာကောင်းကောင်းနဲ့ တပည့်တော်တို့ နာယူနေတာဆိုတာ သင်္ခါရက္ခန္ဓာလည်းပါတယ်. . . (ပါပါတယ်ဘုရား) မပါဘူးလား . . . (ပါ ပါတယ်ဘုရား)။

ဒါဖြင့် ဒီဥစ္စာ ခန္ဓာ့ကိုယ်လေးပါးဖြစ်နေတယ်. . . (မှန်ပါ့) ဘယ်နှစ်ပါးဖြစ်နေတုံး . . . (လေးပါးဖြစ်နေပါတယ်ဘုရား)။ သြော် လေးပါးဖြစ်နေပြီဆိုတာ မထင်ရှားဘူးလား. . (ထင်ရှားပါတယ်ဘုရား)။

## နာမ်ခန္ဓာလေးပါး

ဒါဖြင့် ဒကာ ဒကာမတို့ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ ဝိညာဏက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာလို့ လေးပါးမစုံသေးဘူးလား. . . (စုံပါတယ်ဘုရား)၊ ကောင်းပြီ လေးပါးစုံပြီ။

ဒီလေးပါးကို ဒကာဒကာမတို့ ဘာခန္ဓာလို့ဆိုကြပါ့မယ် (ပစ္စုပ္ပန်ခန္ဓာပါဘုရား) ဘယ်နှစ်ပါး ပါလိမ့်ဆိုတော့ . . . (လေးပါးပါဘုရား)။

ဩော်. . . ဒါဖြင့် လေးပါး၊ လေးပါးဆိုတော့ တပည့်တော်တို့ ဒီအချိန်မှာ ရုပ်မပါသေးဘူးဘုရားလို့ ဒကာ ဒကာမတွေကလည်းဆိုချင်ဆိုမယ်. . . (မှန်လှပါ)။

## ရုပ်ခန္ဓာပါတယ်

ရုပ်ပါတယ် ဒကာ ဒကာမတွေရ ရုပ်ပါတယ်၊ ဒီရုပ် မရှိတဲ့ ပုဂ္ဂိုလ်ကျတော့ ဒီကြားတတ်တဲ့ရုပ်မရှိတဲ့ပုဂ္ဂိုလ် လူတွေ နားမှာ ဒီ ဟွန်းကြီးကြီးနဲ့ ဒီက ဘက်ထရီများများနဲ့ အော်ကြည့် ဦးမောင်လေး ရမလား၊ မရဘူးလား . . . (မရပါဘူးဘုရား)။

ရကြပါ့မလား . . . (မရပါဘူးဘုရား)။ ကြားရုပ် မရှိလို့ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ကြားရုပ်ကလေးပဲ နဂိုက ရှိနှင့်တယ်ဆိုတဲ့ ဥစ္စာ မပေါ်သေးဘူးလား . . (ပေါ်ပါတယ်ဘုရား) ဒါဖြင့် ကြားရုပ်ကလေးတည့်လိုက်တော့ ခန္ဓာဘယ်နှစ်ပါးဖြစ်တုံး. . . (ငါးပါးဖြစ်ပါတယ်ဘုရား) အဲဒါ ပစ္စုပ္ပန်ခန္ဓာလို့မှတ်ပါ . . . ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ဦးဘအုန်းကြီးတို့ ခုမှလာတယ် ရှင်းပလား (ရှင်းပါပြီဘုရား)၊ ခန္ဓာဘယ်နှစ်ပါးဖြစ်တုံး. . (ငါးပါးဖြစ်ပါတယ် ဘုရား) ကြားရင်ငါးပါးဖြစ်တယ်. . (မှန်ပါ)။

## ကြားရင်ခန္ဓာငါးပါးဖြစ်တယ်

ကိုမြရွှေတို့ဘယ့်နှယ့်တုံး. . (ကြားရင်ငါးပါးဖြစ်ပါတယ်ဘုရား) ကြားရင်ငါးပါးဖြစ်တယ်ဆိုတာ ဒကာ ဒကာမတွေလည်းငြင်းဖို့လိုသေးသလား. . . (မလိုပါဘူးဘုရား)၊ ဒီကျမှ ငါးပါးဆိုတော့ ဒီကျမှတောင်မှ ဒီအသံကြားမှ ငါးပါး . . . (မှန်ပါ)။

မလိုပါဘူး၊ ဩော်-ဒါဟာအိမ်ကပါလာတာလား၊ ဒီကျမှ ငါးပါးလားသာမေးတော့ . . . (ဒီကျမှ ငါးပါးပါဘုရား) ဒီကျမှ ငါးပါးဆိုတော့ ဒီကျမှတောင်မှ ဒီအသံကြားမှ ငါးပါး (မှန်ပါ)။

ဒီကျမှတောင် ဒီအသံကြားမှ ငါးပါး . . (မှန်လှပါဘုရား)

ဒီကျမှတောင်မှ ဒီအသံကြားမှ ငါးပါးဆိုတာက ငြင်းနေဖို့လို ကြသေးလာ. . (မလိုပါဘူးဘုရား)။

အဲဒီ ခန္ဓာကို ကြည့်ရမယ်. . . (မှန်ပါ)၊ ရှင်းပလား. . (ရှင်းပါပြီဘုရား) ကြားတယ်နော် ကြားတော့ ဘယ်နှစ်ပါးဖြစ် သတုံး . . . (ငါးပါးဖြစ်ပါတယ်ဘုရား)။

အင်း ကြားတဲ့အသံကလေးကို အင်းသာယာတဲ့ ပုဂ္ဂိုလ်မှန်ခဲ့လို့ရှိရင်၊ ဒီကနောက်ကနေပြီး သကာ့လ လောဘ မလိုက်ပေဘူးလား . . (လိုက်ပါတယ်ဘုရား)။

အင်း. . . ကြားတဲ့နောက်က ဘာလိုက်လာတုံး. . . (လောဘကလိုက်လာပါတယ်ဘုရား) လောဘလိုက်လာလို့ရှိ ရင် မကြားရမနေနိုင်ဘူးဆိုတဲ့ ဥပါဒါန်က . . . (လိုက်လာပါ တယ်ဘုရား)။

ဟာ . . အနားတိုးပြီး နားထောင်မှပဲဆိုတဲ့ ကာယကံ၊ ဝစီကံ (မှန်ပါ့)၊ အနားတိုးပြီး နားထောင်မှပဲဆိုတဲ့ ကာယကံ ကလည်း တိုးလာတယ်. . . (တိုးလာပါတယ်ဘုရား)။

## တဏှာဥပါဒါန်ကံလိုက်လာတယ်

ဝစီကံကလည်း ပါးစပ်ကပြောလာတယ် . . (မှန်ပါ့)၊ မပြောဘူးလား. . (ပြောပါတယ်ဘုရား) ပြောတော့ ဒီ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ခင်ဗျားတို့ ဒီ ခန္ဓာနောက်က၊ ဒီခန္ဓာငါးပါးနောက်က တဏှာ၊ ဥပါဒါန်၊ ကံလိုက်လာတယ် . . (မှန်ပါ့)။

မလိုက်ဘူးလား . . (လိုက်ပါတယ်ဘုရား) ဒါ ဘယ့်နှယ့်ကြောင့် ဒီ ပဋိစ္စသမုပ္ပါဒ်ဟာ ခုမှပေါ်တဲ့ ပဋိစ္စသမုပ္ပါဒ် . . . (မှန်ပါ့)။

အိမ်က ပါလာတဲ့ ပဋိစ္စသမုပ္ပါဒ်လို့ ဆိုလို့ရရဲ့လား. . (မရပါဘူးဘုရား) သဘောကျကြလား . . (ကျပါတယ်ဘုရား)

အိမ်က ပါလာတဲ့ ပဋိစ္စသမုပ္ပါဒ်လို့ ဘယ်သူမှ မငြင်းနဲ့တော့ ဒီကျမှ ဖြစ်တာဘုရား . . (မှန်ပါ့)၊ မဆိုနိုင်ဘူးလား . . (ဆိုနိုင်ပါတယ်ဘုရား)။

ဒါ ဘယ် ပဋိစ္စသမုပ္ပါဒ်ပါလိမ့် . . (ဒီကျမှ ဖြစ်တဲ့ပဋိစ္စသမုပ္ပါဒ်ပါဘုရား)။

## ပစ္စုပ္ပန်ပဋိစ္စသမုပ္ပါဒ်

ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်၊ ပစ္စုပ္ပန် ပဋိသမုပ္ပါဒ်. . (မှန်လှပါ) ဒီပဋိစ္စသမုပ္ပါဒ်ကို ရှုရမှာ၊ ရှင်းပလား . . (ရှင်းပါပြီဘုရား)။

ဘာရှုရမှာတုံး . . (ဒီ ပဋိစ္စသမုပ္ပါဒ် ရှုရမှာပါဘုရား)။ ဒီပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်ကို ခုပေါ်လာတဲ့ ပေါ်လာတဲ့ ပဋိစ္စသမုပ္ပါဒ်ကို ရှုရမှာ . . . (မှန်လှပါ)။

## ညအားထုတ်မနက်ရမယ်

ဒီလို တည့်လို့ရှိရင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘုန်းကြီးရှင်းပြမယ်၊ ညအားထုတ်ပါတဲ့ မနက်ကို သောတာပန်

တည်မယ်တဲ့ ငါဘုရားတာဝန်ယူတယ် . . (မှန်ပါ့) ည အားထုတ် မနက်ကို သောတာပန်တည်မယ် သဘောကျပလား . . . (ကျပါတယ်ဘုရား)။

အဘယ ရာဇကုမာရ မင်းသားကို ဟောတာပါတဲ့ (မှန်ပါ့) ညအားထုတ် မနက်ရမယ်တဲ့ကွ၊ ဒီပစ္စုပ္ပန် တည့်အောင် ရှုနိုင်ကြလို့ရှိရင် ရိပ်မိပလား . . (ရိပ်မိပါတယ်ဘုရား)။

## အလွန်ဖျင်းရင် (၇)ရက်ပဲ

အလွန်ဖျင်းတဲ့ ပုဂ္ဂိုလ်ဟာ ခုနစ်ရက်ပဲဟော့ သဘောကျပလား (ကျပါတယ်ဘုရား) အလွန်ဖျင်းတဲ့ ပုဂ္ဂိုလ်ဟာ အပါယ်လေးပါးတံခါးပိတ်ဖို့ရာ ခုနစ်ရက်ပါပဲတဲ့။

အလွန် ဉာဏ်နားကောင်းတဲ့ ပုဂ္ဂိုလ်ဆိုလို့ရှိရင်ဖြင့်တဲ့ ညအားထုတ် မနက်ရပါတယ်၊ ကဲ ဘယ်လောက်ဟောတုံး။

ခု ရှုနေကြတာတွေက ဒကာ ဒကာမတွေ ဒါမတည့်လို့ ခက်နေတာ . . (မှန်ပါ့) ခုပေါ်လာတာလေးကို ခုနောက်က ဉာဏ်က မလိုက်နိုင်ဘူး. . . ။

မလိုက်နိုင်တော့ ဒီပဋိစ္စသမုပ္ပါဒ်က တန်းသွားတာ ပဲ ဒကာ ဒကာမတို့ ရှုမိတာပါသေးသလား . . (မပါပါဘူး ဘုရား)။

ရှုမိလို့ ရှိရင်ဖြင့် ဒကာ ဒကာမတွေ ဒီကြားမှာ မဂ္ဂင်ငါးပါးလိုက်တယ်၊ မလိုက်ပေဘူးလား . . (လိုက်ပါတယ် ဘုရား)။

## သတိပဋ္ဌာန်လေးပါး ကြိုက်တာတစ်ခုရှုပါ

ကိုင်း. . ဒီစာလေးက ဥပမာ ငါးပါးရှိတယ်၊ ငါးပါးထဲက ဒကာ ဒကာမတွေက စိတ္တာနုပဿနာ ကြိုက်ရင် စိတ်သာရှု ဝေဒနာနုပဿနာ ကြိုက်ရင် . . (ဝေဒနာရှုရမှာပါဘုရား)။

အဲ ဓမ္မာနုပဿနာ ကြိုက်ရင် ဒီထဲ သညာတို့၊ စေတနာတို့ ရှုလိုက်တာပေါ့ဗျာ၊

ကာယာနုပဿနာကျတော့ ဒီခုနက အခံရုပ် ရှုလိုက်တာပေါ့မပါသေးဘူးလား. . . (ပါ ပါတယ်ဘုရား)။

အဲတော့ သတိပဋ္ဌာန်ဟာ တစ်ခုရှု အကုန်ပါတယ်ဆိုတာကော သဘောကျပလား . . (ကျပါတယ်ဘုရား)။ ဘာပြုလို့တုံးဆိုတော့ ငါးပါးက ပျက်မှာပဲ တစ်ပြိုင်တည်း . . (မှန်ပါ့)။

မပျက်ပေဘူးလား . . (ပျက်မှာပါဘုရား) အဲတော့ ဒီအပျက်ကို ဒကာ ဒကာမတွေက နေပြီးသကာလကိုင်း ဖြစ်တော့ ဖြစ်ပြီဟေ့၊ ခန္ဓာငါးပါးတော့ဖြစ်ပဟ၊ ဒီခန္ဓာငါးပါးကို ငါနောက်ကနေပြီးကြည့်မဟဲ့လို့ ဆိုလိုက်လို့ရှိရင် ဒီပဋိစ္စသမုပ္ပါဒ်ဟာ ဘယ့်နှယ့်နေကြတုံး. . (ပြတ်ပါတယ်ဘုရား)။

မပြတ်ဘူးလား. . . (ပြတ်ပါတယ်ဘုရား) ဒီပဋိစ္စသမုပ္ပါဒ်လာမှ တဏှာ၊ ဥပါဒါန် ကံလာမှ ကမ္မဘဝ ပစ္စယာ ဇာတိကလာမှာကိုးဗျ . . . (မှန်ပါ့) နောက်ဇာတိလာမယ် . . . (မှန်ပါ့)။

နောက်လာစရာကို ရှိသေးရဲ့လား . (မရှိပါဘူးဘုရား)

ဇာတိမှ မလာပဲနဲ့ ခင်ဗျားတို့ အိုသေဆိုတဲ့ ဇရာ မရဏကဘယ့်နှယ့် လုပ်လာမတုံး . . (မလာပါဘူးဘုရား)။

လာစရာ ရှိသေးရဲ့လား . . (မရှိပါဘူးဘုရား)၊ ဩော် ဒါဖြင့် ဒို့ဟာ ပဋိစ္စသမုပ္ပါဒ်ကို ဒို့ ဒီအတိုင်းရှုနေရင် သူဖြတ်တာပဲ ဒို့ မရှုပဲနေရင်လည်း မဖြတ်တာပဲ၊ ရှင်းပလား . . (ရှင်းပါပြီဘုရား)။

ရှုလိုက်ပြန်တော့လည်း ဘာဖြစ်တုံး . . (ပြတ်ပါတယ်ဘုရား)၊ ပြတ်တာပဲ၊ ဒါဖြင့် ရှုပွားမှုအလုပ်သည် ဒကာဒကာမတို့ အရေးကြီးဆုံး အလုပ်လို့ပဲ ဆိုရမှာပဲ . . (မှန်ပါ့)။

## ရှုပွားမှုအလုပ်သည် အရေးကြီးဆုံး

ဒီပြင် ဘာရှိသေးသတုံး . . (မရှိပါဘူးဘုရား) ရှုပွားမှုအလုပ်သည် အရေးကြီးဆုံးအလုပ်ပဲဆိုတော့ အားလုံး ဒကာဒကာမတွေ ရှင်းပလား . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ ဒီတဏှာ၊ ဥပါဒါန်၊ ကံ လာလို့ရှိရင်ဖြင့် ဒီဇာတိက မလာပါစေနဲ့လို့ ဘုရားတားလို့မရဘူး . . (မှန်ပါ့)။

ကံနဲ့ ဝိပါကကို . . (မှန်ပါ့)၊ သူက ကံ၊ သူက ဝိပါက ကံနဲ့ ဝိပါကကို ဒကာ ဒကာမတွေ ဘုရားတားလို့ရလား . . . (မရပါဘူးဘုရား)။

မရနိုင်တော့ ကံက ဝိပါက ဖြစ်ပြီဆိုမှဖြင့် ဒီဝိပါက၏

အစွယ်အပွားတွေ ဝိပါကနဲ့ အဖော်တွေဆိုတော့ ဇာတိဖြစ်လို့ ရှိရင် ဇာရာ၊ မရဏ လာမှာပဲ . . (လာမှာပါဘုရား)။

မလာပါနဲ့ဆိုလို့ . . (မရပါဘူးဘုရား)၊ အဲတော့ ဘယ်လိုပုဂ္ဂိုလ်မို့ လာတာတုံးလို့မေးတော့၊ ပစ္စုပ္ပန် ခန္ဓာကို သူနောက်ကနေပြီး ပဋိစ္စသမုပ္ပါဒ် ဆက်တဲ့ ပုဂ္ဂိုလ်မို့ သူလာတာ (မှန်ပါ့)။

ပစ္စုပ္ပန်ခန္ဓာကို သူတည့်အောင် မရှုနိုင်တဲ့ ပုဂ္ဂိုလ်မို့(မှန်ပါ့)၊ ရှင်းပလား . . (ရှင်းပါပြီဘုရား)၊ ဘာတည့်အောင်မရှု နိုင်လို့ . . (ပစ္စုပ္ပန်ခန္ဓာကို တည့်အောင်မရှုနိုင်လို့)။

အဲ . . ပစ္စုပ္ပန်ခန္ဓာကို တည့်လိုက်တော့ မဂ်ဝင်တယ် (မဂ်ဝင်ပါတယ်ဘုရား) မဝင်ဘူးလား . . (ဝင်ပါတယ်ဘုရား)၊ တည့်တော့ ပဋိစ္စသမုပ္ပါဒ် ဝင်လာတယ် . . (မှန်ပါ့)။

ပေါ်ပလား . . (ပေါ်ပါပြီဘုရား) မတည့်တော့ ဘယ်သူဝင်လာတုံး . . (ပဋိစ္စသမုပ္ပါဒ် ဝင်လာပါတယ်ဘုရား) အင်းတည့်လိုက်ပြန်တော့လည်း. . (မဂ်ဝင်လာပါတယ်ဘုရား)။

## မဂ်လာတော့ ပဋိစ္စသမုပ္ပါဒ် ပြတ်တယ်

မဂ်ဝင်လာတော့လည်း အဲ- ဒီပဋိစ္စသမုပ္ပါဒ် က တန်းလို့ ကို ရသေးရဲ့လား . . (မရပါဘူးဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ခုနက အဘယ ရာဇကုမာရ မင်းသား

ကလေး ဘုရားကဟောတယ်၊ ကွာ ဆရာကောင်း သမား ကောင်းနဲ့ ပစ္စုပ္ပန်တည့်တည့်ရှုလို့ရှိရင်ဖြင့် ညအခါ ဒီအတိုင်း ရှုနေကွ မနက်သောတာပန်တည်တာပဲဆိုတော့ ဟောသင့် မဟောသင့် . . (ဟောသင့်ပါတယ်ဘုရား)။

ပဋိစ္စသမုပ္ပါဒ် ပြတ်သကိုးဗျ . . (မှန်ပါ့) ရှင်းပလား . . (ရှင်းပါပြီဘုရား) ဒကာ ဒကာမတွေ နေရာကျပလား . . (ကျပါတယ်ဘုရား)။

## ဘယ်လို့ရှုရမှာတုံး

ဒါဖြင့် ရှုတဲ့အခါ ဘယ်လိုရှုရမှာတုံးလို့ မေးဖို့လိုလာ တယ် . . (မှန်ပါ့) ဒီငါးပါးထဲက တစ်ပါးပါးတော့ဖြင့် တပည့်တော်တို့ ရှုရတော့မှာပဲ ။

ကာယာနုပဿနာကြိုက်ရင် ကိုယ်ရှု၊ ရုပ်ရှုပေါ့ဗျာ . . (မှန်ပါ့) တစ်ပါးပါးတော့ တပည့်တော်တို့မိအောင် ရှုရတော့ မှာပဲ ဆိုတော့ ဒီထဲဘယ်နှစ်ပါးရှိတုံး . . (ငါးပါးရှိပါတယ် ဘုရား)။

ငါးပါးရှိတယ် ငါးပါးရှိပေမဲ့လည်း ဒီဘက်က ဘုန်းကြီး တို့ ဒကာ ဒကာမတွေက ငါးပါးစလုံးမရှုနဲ့ သတိပေးလိုက်ပြန် တယ်နော်။

ငါးပါးတော့ရှိတယ်၊ သူ့ဖြစ်စဉ် ငါးပါးပေါ့ဗျာ . . (မှန်ပါ့) ငါးပါးစလုံးမရှုနဲ့ ရှုရင်ခင်ဗျာတို့ ဉာဏ်မပိုင်သေးဘူး ဒီနောက်က ဉာဏ်က မပိုင်ဘူး . . (မှန်ပါ့) ရှင်းပလား . . (ရှင်းပါပြီဘုရား)။

နောက်ကဉာဏ်က ဘာတုံး . . (မပိုင်ပါဘူးဘုရား) ဘာဖြစ်လို့ မပိုင်သတုံးလို့ မေးတဲ့အခါကျတော့၊ ဘယ် သူတစ်ယောက်တည်းကပဲ ငါးခုထမ်းရမလို ဖြစ်နေတယ် . . (မှန်လှပါ)။

ဉာဏ်တစ်ခုတည်းကနေ ငါးခုဖမ်းရမှာ . . (မှန်ပါ့) ဖြစ်နိုင်ပါ့မလား . . (မဖြစ်နိုင်ပါဘူးဘုရား) ဒီငါးခုကလည်း ရူပက္ခန္ဓာက သူတစ်မျိုး သတ္တိရှိတယ်။

ဝေဒနာက္ခန္ဓာက တစ်မျိုး သတ္တိရှိတယ်၊ သတ္တိချင်း တူကြရဲ့လား . . (မတူပါဘုရား) မတူတော့ သူတို့ကို ခင်ဗျားတို့ ဒီထဲက ထက်တာတစ်ခုကို အားလုံး ဒကာ ဒကာမတွေက ရှုပါ။

ဝေဒနာကြိုက်ရင် . . . (ဝေဒနာ ရှုရမှာပါဘုရား) စိတ်ကြိုက်ရင် (စိတ်ရှုရမှာပါဘုရား)။

ရှုချင်ရာ ရှုတဲ့ ဒကာ ဒကာမတို့ တစ်ခုတည်းသာရှု၊ ကျေနပ်ပလား. . (ကျေနပ်ပါတယ်ဘုရား) တစ်ခုတည်းသာ ရှုပါတဲ့ တစ်ခုတည်းရှုလိုက်တဲ့အခါကျလို့ ရှိရင်ဖြင့် ဒကာ ဒကာမတို့ သန္တာန်မှာခု ကြားစိတ်ကလေးပဲ ရှုနေ ကိုက်တာပဲ။

ဘာဖြစ်လို့ ကြားစိတ်ကလေး ရှုနေလဲ ကိုက်တုံး ဆိုတော့၊ ကြားစိတ်ကလေးနဲ့ ဖြစ်ဖော်ဖြစ်ဖက်တွေက အတူတကွမကင်းရာ မကင်းကြောင်း ဖြစ်ကြတာတွေက ကြား ရုပ်ချုပ်တော့ သူတို့က တန်းလန်း နေဦးမှာမှ မဟုတ်ပဲ . . (မှန်လှပါ)။

နေရစ်ပါဦးမလား . . (မနေပါဘူးဘုရား) အင်း ရောပြီး မပျက်ပေဘူးလား . . (ပျက်ပါတယ်ဘုရား) ရောပြီးပျက်မယ် ဆိုတာ မသေချာဘူးလား . . (သေချာပါတယ်ဘုရား)။

ကိုင်း ဒါဖြင့် ဒကာ ဒကာမတို့ ရောပြီးပျက်သွားတဲ့ အခါကျလို့ရှိရင်၊ ရှုတဲ့အခါမှာလည်း ဒကာ ဒကာမတို့ ရှိတုန်း ရှုရမှာလား ၊ မရှိတဲ့အချိန် ရှုရမှာလား ဆိုတာလည်း ခင်ဗျားတို့ နောက်မှလာတဲ့ ဒကာ ဒကာမတွေက သိမှာမဟုတ်ဘူးနော် . . (မှန်ပါ့) ရှင်းပလား . . (မှန်ပါ့)။

ရှိတုန်းကို ရှုရမှာလား၊ ကြားစိတ်ကလေးရှိတုန်းကို ရှုရမှာလား၊ ကြားစိတ်ကလေး မရှိတဲ့အချိန်မှာ ရှုရမှာလား . . . ဒါ မေးခွန်းထုတ်ဖို့ မလိုဘူးလား . . (လိုပါတယ်ဘုရား)။

## ရှိတဲ့အချိန်သွားမရှုနဲ့

ရှိတဲ့ အချိန်မှာ သွားမရှုနဲ့တဲ့၊ ရှုလို့ရှိရင် ခင်ဗျားတို့ ဩော် . . . ရှိတာလေး ကျုပ်ရှုမိတယ် ဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ အမှားဟာ အတော်ကြီးတယ် သဘောကျပလား . . (ကျပါ တယ်ဘုရား)။

ရှိတဲ့ အချိန်ရှုမိရင် ဘာတုံး . . (အမှားကြီးပါတယ် ဘုရား) ဘယ့်နှယ့်ကြောင့် အမှားကြီးတယ်လို့ ဆိုရသတုံး ဆိုတော့ ဒကာ ဒကာမတို့ သတ္တဝါ သန္တာန်မှာ ၁၈စိတ်သာ အသက်ရှင်နိုင်တာကိုးဗျ။

ဒီတစ်စိတ်ချုပ်ပြီးမှ နောက်တစ်စိတ်ပေါ်ရမှာ . . . (မှန်လှပါ) ရှင်းပလား . . (ရှင်းပါပြီဘုရား)။

တစ်စိတ်ချုပ်ပြီးမှ . . . (နောက်တစ်စိတ်ပေါ်ရမှာပါ ဘုရား)။

အဲ ကြား ရုပ်ကလေးချုပ်၊ ချုပ်သွားပြီးသည့်နောက်မှ သာလျှင် ဒကာ ဒကာမတို့ ရှုစိတ်ကလာနိုင်မှာ၊ သဘောကျရဲ့ လား . . . (ကျပါတယ်ဘုရား)။

ကြားစိတ် ချုပ်ပျောက်သွားပြီးမှ ဘာတုံး . . (ရှုစိတ် လာမှာပါဘုရား) ရှုစိတ်ကလာနိုင်တော့ ဘာဖြစ်လို့တုံးဆိုတော့ တစ်ယောက်မှာ နှစ်စိတ်ရှိတယ်လို့ ထုံးစံမရှိဘူး တစ်ပြိုင် နက်တည်း မဖြစ်ကောင်းဘူး . . (မှန်ပါ့)။

ဖြစ်ကောင်းပါ့မလား . . (မဖြစ်ကောင်းပါဘူးဘုရား) မဖြစ်ကောင်းတာတွေ အသေအချာ ဒကာ ဒကာမတွက သိပြီးသကာလနေတော့ ဩော် . . ဒါဟာ ဘုရားက ပစ္စုပ္ပန် တည့်တည့်ရှုလို့ဆိုငြားသော်လည်း . . ။

သူဖြစ်ပြီး ပျက်သွားပြီးမှ ရှုတဲ့ဉာဏ်ဟာ ပေါ်နိုင်တယ် . . . (မှန်ပါ့) ဒီပြင်ပေါ်နိုင်ကြပါ့မလား . . (မပေါ်နိုင်ပါဘူး ဘုရား)။

မပေါ်နိုင်တော့ အင်း ဒါသည်ကားလို့ဆိုရင် ဘယ်လိုရှု ရမှာလိမ့်မတုံးဆိုလို့ရှိရင်ဖြင့်၊ ဩော် ခုနက ဒီနေရာမှာ သူရှိနေ တယ်၊ ခုမရှိတော့ဘူးဆိုတဲ့ ဥစ္စာကို သိဖို့ပဲ အရေးကြီးတယ်။

ခုနက ဒီနေရာမှာသူဖြစ်လည်း ဖြစ်လေရဲ့ အခုလည်း ရှာလို့မတွေ့ဘူးဆိုတဲ့ ဉာဏ်ဟာ ဒီဉာဏ်ပဲ . . (မှန်ပါ့)။

ဒီနေရာမှာ သူဖြစ်လည်း ဖြစ်တယ်နော် . . (မှန်ပါ့)။

## မိမိခန္ဓာငါးပါးမရှိတာ

ဩော် . . ဒါဖြင့် ရှေးကဖြစ်လည်းဖြစ်သွားတယ်၊ ဒီနေရာမှာ ခုရှာတဲ့ အခါလည်းမရှိတော့ဘူး၊ ဘယ်သူမရှိတာတုံးဆိုတော့ မိမိခန္ဓာ ငါးပါးမရှိတာ . . (မှန်ပါ့)။

သူများ ခန္ဓာလား . . (မဟုတ်ပါဘူး) ခင်ဗျားတို့ အိမ်ပေါ်ရောက်မှ အခုကြားတဲ့ခန္ဓာ . . (မှန်ပါ့) ဘယ်ခန္ဓာမရှိတာတုံး . . (အခုကြားတဲ့ခန္ဓာပါဘုရား)။

ဩော် ကိုယ့်ခန္ဓာမရှိတာ ကိုယ်သိဖို့ပါပဲ၊ ဘာပါလိမ့် (ကိုယ့်ခန္ဓာမရှိတာ ကိုယ်သိဖို့ပါဘုရား) ဒါ ပစ္စုပ္ပန် မတည့်သေးလို့ ဟိုဘက်လှည့်နေတာ။

## ခါတိုင်းဆိုရင်တဏှာဝင်တော့မယ်

ပစ္စုပ္ပန်လို့ ဘာလို့ဟောပါလိမ့်မတုံးဆိုတော့ သူကချုပ်သွားတယ်တဲ့၊ ပေါ်တယ် ငါဘုရားက ဟောတယ်တဲ့ ဒကာဒကာမတို့ ဒီကြားထဲမှာ ခါတိုင်းဆိုရင် ကြားကောင်းတယ်ဆိုတဲ့ တဏှာဝင်တော့မယ် (မှန်ပါ့) မဝင်ပေဘူးလား . . (ဝင်ပါတယ်ဘုရား)။

ကြားလို့ကောင်းရင် စွဲလန်းတယ်ဆိုတဲ့ ဥပါဒါန်ကော (ဝင်ပါတယ်ဘုရား) ကာယကံ၊ ဝစီကံဆိုတာကော . . (လာပါတယ်ဘုရား)။

ဒါတွေချည့် လာခွင့်ရသေးရဲ့လား. . (မရပါဘူးဘုရား) ဒါဖြင့် ကိလေသာကြားမခြားလို့ ငါဘုရားက ပစ္စုပ္ပန်လို့ ဆိုလိုက်တယ် ကိလေသာကြားမဝင်လို့. . (မှန်လှပါ) ရှင်းပလား . . (ရှင်းပါပြီဘုရား)။

ဘာကြားမဝင်လို့ . . (ကိလေသာကြားမဝင်လို့ပါဘုရား) ဩော် ကိလေသာကြားမဝင်လို့ ခင်ဗျားတို့ မနက်အားထုတ်ညရမယ်၊ ညအားထုတ်ရင် . . (မနက်ရမှာပါဘုရား)။

နို့ တပည့်တော်တို့ ရှုနေတာ ကြာလှပြီဘုရား ခုထက်ထိပဲ ၊ ဘယ်တော့ မဟာန်သေးဘူးဘုရား ဆိုတော့ မဟာန်တာတွေဝင်နေလို့ပဲ . . (မှန်လှပါ) ရိပ်မိပလား . . (ရိပ်မိပါတယ်ဘုရား)။

ဘာတွေဝင်နေတုံး (မဟာန်တာတွေ ဝင်နေတာပါ ဘုရား) စိတ်ထဲ မဟာန်တာတွေဝင်နေပြီဆိုတော့ ဒကာ ဒကာမ တွေ ပါရမီချမလား၊ ကိုယ်က မဟာန်တာတွေဝင်နေလို့လား . . (ကိုယ်ကမဟာန်တာတွေ ဝင်နေလို့ပါဘုရား)။

ကိုယ့်ဟာကိုယ် မဟာန်တာ ကိုယ်သိသွားပြီ . (မှန်ပါ) မသိသေးဘူးလား . . (သိပါပြီဘုရား)။

ကိုင်း ဒါဖြင့် ကိုယ့်ဟာကိုယ် မဟန်တာက ဘာတုံး ဆိုတော့ မြင်တယ်၊ မြင်တာလေးကို ဟုတ်လား ခုကြားတယ် ကြားတာလေးကို သဘောကျတယ်ဆိုတော့ တဏှာက နောက်က လိုက်လာတယ် . . (မှန်ပါ့)။

## ပဋိစ္စသမုပ္ပါဒ်တန်းနေတာ

ဒီ မဂ်ဝင်မည့်နေရာကို တဏှာက ဝင်လာတယ်၊ တဏှာဝင်တော့ ဥပါဒါန်က နေသေးလား . . (မနေပါဘူး ဘုရား) တဏှာပစ္စယာ ဥပါဒါန်၊ ဥပါဒါနပစ္စယာ ကမ္မဘဝေါ၊ ကမ္မဘဝပစ္စယာဇာတိ၊ ဇာတိပစ္စယာ ဇာရာ မရဏ ဆိုတော့ ခင်ဗျားတို့ မဟန်တာ ဒါပဲကိုး ရှင်းပလား . . (ရှင်းပါပြီဘုရား)။

ဒီပဋိစ္စသမုပ္ပါဒ်တန်းနေတာ . . (မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီဘုရား) ဒါဖြင့် ဒါအားလုံး ဒကာ ဒကာမတွေ ယနေ့ည ဆုံးဖြတ်ချက်ချ၊ ဒါပါရမီ မရှိလို့ မရတာလား ဟုတ်လား၊ ကိလေသာ ကြားခိုလို့ မရတာလား . . (ကိလေသာကြားခိုးလို့ မရတာပါဘုရား)။

အဲ့ ဒါကြောင့်ဟောတာ၊ ကိလေသာကြားမခိုပဲနဲ့ အားထုတ်လို့ရှိရင် ညအားထုတ် မနက်ရမယ်ကွ၊ ကဲ ဦးခင်မောင် တို့ ဦးမောင်လေးတို့ ဦးစံရင်တို့ ခက်တာလား မခက်တာလား . . . (မခက်ပါဘူးဘုရား) မခက်ဘူး။

မတားတတ်ဘူး ခင်ဗျားတို့က . . (မှန်ပါ) ရှင်းပလား . . (ရှင်းပါပြီဘုရား) တရားက ခက်လို့လား၊ ကိုယ်ကအစဉ် ရိုးရာကရှေ့သွားထားတဲ့ လမ်းကြောင်းကြီး ဖြစ်နေလို့ အပြေး သန်လွန်းလို့ တားမရတာလား အကဲခတ် . . (အပြေးသန်လို့ ပါဘုရား)။

မြင်တယ်၊ ကြားတယ်ဆိုရင်ပဲ ကောင်းတယ် တဏှာ ကလာပြီ . . . (မှန်ပါ) စွဲလန်းတယ်ဆိုတဲ့ ဥပါဒါန်က အင်းကာယကံ၊ ဝစီကံကော . . . (လာပါတယ်ဘုရား)။

အဲ့ဒါတွေ ရှုပ်နေလို့ ဒကာ ဒကာမတွေ မရပဲဖြစ်နေ တာ၊ ဒီဟာသာ ပြတ်ပြတ်သွားစမ်းပါတဲ့၊ ဒကာ ဒကာမတွေ မရပေဘူးလားဗျာ . . (ရပါတယ်ဘုရား)။

## ဝိပဿနာအလုပ်ဆိုတာ၊ ပဋိစ္စသမုပ္ပါဒ်ဖြတ်တာ

ဒါဖြင့် ဝိပဿနာအလုပ်ဆိုတာ ဘာပါလိမ့်မတုံး ဘုရား ဆိုတော့ အားလုံး ဒကာ ဒကာမတွေ ယနေ့မှတ်လိုက် ပဋိစ္စ သမုပ္ပါဒ် ဖြတ်တာ. . (မှန်လှပါ) ရှင်းပလား . . (ရှင်းပါပြီ ဘုရား)။

ဝိပဿနာအလုပ်ဆိုတာ ဘာတုံး . . . (ပဋိစ္စသမုပ္ပါဒ် ဖြတ်တာပါ ဘုရား) ဖြတ်ဆိုတာသည်ကားလို့ ဆိုရင် အဆက်ရှိလို့ ဖြတ်တာပဲဗျ . . . (မှန်လှပါ)။

ဖြတ်ဆိုတဲ့စကားဟာ ဘယ်ကလာတုံး . . . (အဆက် ရှိလို့ လာတာပါဘုရား) ဒါဖြင့် ခင်ဗျားတို့က ဘယ်လိုနေတဲ့

ပုဂ္ဂိုလ်တွေမှီလို့တုံး (အဆက်ရှိတဲ့ ပုဂ္ဂိုလ်မှီ့ပါဘုရား)။

ဆက်နေတဲ့ ပုဂ္ဂိုလ်မှီ့ ဖြတ်ပေးနေရတာ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အဲတော့ နဂိုက ခင်ဗျားတို့က ဘယ်လိုများ နေလေ့ရှိသတုံးဆိုလို့ရှိရင် ဘယ့်နှယ်ဖြေကြမတုံး . . . (ဆက်နေပါတယ်ဘုရား) ဘယ်တော့မှ အဖြတ်က မပါခဲ့ဘူး . . . (မပါခဲ့ပါဘူးဘုရား) ဟုတ်ဘူးလား . . . (မှန်ပါ့)။

ဘုရားအဆူဆူနဲ့ တွေ့တော့လည်း ဘယ့်နှယ်ကြောင့် ကျွတ်တမ်းမဝင်ပါလိမ့်မတုံး မညည်းနဲ့၊ ညည်းဖို့များ လိုသေးသလား . . . (မလိုပါဘူးဘုရား)။

မလိုပါဘူး၊ ကိုယ့်ဝါသနာက ဘယ်လိုပါလိမ့် . . . (ဆက်ပါတယ်ဘုရား) ကိုယ့်ဝါသနာက ကျုပ်ဆက်ပြီ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အဲဒီ ဆက်နေလို့ မရတာဟာ မင်းဟာကွာ ဒွိဟိတ်လေလား၊ တိဟိတ်လေလား၊ ပဒပရမလေလား လုပ်မနေနဲ့ ဒါဆက်တာသာ အကဲခတ် . . . ရှင်းပလား . . . (ရှင်းပါပြီဘုရား)။ ကျေနပ်ပလား . . . (ကျေနပ်ပါတယ်ဘုရား)။

## ဆရာသမားကောင်းလိုတယ်

ဒါဖြင့် ဒကာဒကာမတို့ ဘာလိုသတုံးမေးတဲ့အခါ

ဆရာကောင်း သမားကောင်း ခင်ဗျားတို့လိုတယ် . . . (မှန်လှပါ) အကျဉ်းချုပ်လိုက်တော့ ဘာလိုသွားတုံး . . . (ဆရာကောင်း သမားကောင်းလိုပါတယ်ဘုရား)။

ဟ ဒီနေရာဖြတ်လိုက်၊ ဒီနေရာမင်္ဂသွင်းလိုက်ကွ၊ ယောဒါပစ္စုပ္ပန်ပဲကွ ဒီကြားကိလေသာကြား မညပ်လို့ရှိရင်ဖြင့် ရမှာပဲလို့ ဆိုတော့ ခင်ဗျားတို့က ဒါက ဖြစ်တာက ဒီရောက် သွား၊ ကံ ထိအောင် ရောက်သွားပြီ . . . (မှန်ပါ့)။

ရောက်သွားတော့မှ မင်္ဂက ဒီလှမ်းနေတော့ ကြားထဲ ကိလေသာက ခိုနေတယ် . . . မခိုဘူးလား . . . (ခိုပါတယ် ဘုရား)။

အဲတော့ ကြားထဲကိလေသာက တဏှာ၊ ဥပါဒါန်၊ ကံ မခိုဘူးလား . . . (ခိုပါတယ်ဘုရား) ခိုနေပြီးတော့မှ ခင်ဗျားတို့က အင်း . . . ဆရာသမား ဆုံးမထားတယ်၊ ခုနက ဖြစ်တာလေး ရှိနေသေးလားဆိုတော့ ကျုပ်တို့ရှိတယ် ပြောမှာပေါ့ . . . (မှန်ပါ့)။

ကိလေသာပဲရှိတယ် ပြောနေမှာပေါ့ . . . (မှန်ပါ့) မပြောပေဘူးလား . . . (ပြောပါတယ်ဘုရား)။

အဲတော့ ခင်ဗျားတို့သည် ကိလေသာက ဆိုးဝါးပုံ ကိုတော့ ခင်ဗျားတို့က မကြည့်ဘူး၊ ပါရမီကြောင့်လိုလို အကဲ ခတ်တာ လွဲကုန်ပြီ . . . (မှန်ပါ့) မလွဲဘူးလား . . . (လွဲပါတယ် ဘုရား)။

ကဲ ဒါဖြင့် ခုတော့ဖြင့် ပါရမီချကြမလား၊ ကိလေသာ အဖျက်မြန်လွန်းလို့ မရတာလားလို့ ဆိုကြမလား . . . (ကိလေသာ အဖျက်မြန်လွန်းလို့ မရတာပါဘုရား) သဘောပါပလား . . . (ပါပါပြီဘုရား)။

ဒါဖြင့် အလွန်အရေးကြီးတဲ့ အချက်ပါလား . . . (မှန်ပါ့) ဒါဖြင့် ဒီနေရာ ပါရမီဆိုတဲ့ ဥစ္စာ ဘာမှ မဟုတ်ဘူးခင်ဗျားတို့ သာဝက ပါရမီဉာဏ်က ဘုရားက ဟောထားတယ်။

## သစ္စာဟောတတ်တဲ့ဆရာလိုတယ်

မင်းတို့ သစ္စာဟောတဲ့ဆရာနဲ့ တွေ့ပစေတဲ့၊ ရှုလိုက်တဲ့ အခါ ဒါ ဒုက္ခသစ္စာပဲလို့ သိလို့ရှိရင်၊ အဲဒီနှစ်ချက်ဖြစ်ရင် မင်းတို့ဟာ ပါရမီမလိုဘူးတဲ့ တစ်ခါတည်း သောတာပန် တည်နိုင်တယ်။

ကဲ ပါရမီကို ပါသေးရဲ့လား . . . (မပါပါဘူးဘုရား) သစ္စာဟောတတ်တဲ့ ဆရာတွေနဲ့ တွေ့ပစေတဲ့ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## သစ္စာဟောတဲ့အတိုင်း မြင်ဖို့လိုတယ်

သစ္စာကို ဟောတဲ့အတိုင်း မင်းတို့က သစ္စာမြင်လို့ရှိရင် ပြီးတာပဲဟော့တဲ့ . . . နှစ်ချက်တည်းပါလား . . (မှန်ပါ့)။

သစ္စာဟောတတ်တဲ့ဆရာနဲ့ တွေ့ဖို့ တစ်ချက်နော် . . . (မှန်ပါ့) ကိုယ်တိုင်ကြည့်လိုက်တဲ့အခါ သစ္စာမြင်ဖို့ တစ်ချက် ဆိုတော့ မပြီးသေးဘူးလား . . . (ပြီးပါပြီဘုရား)။

သိပ်ပြီး ခါးတောင်းကျိုက်နေရမှာလား . . . (မဟုတ်ပါဘူးဘုရား) ဦးစံရင်ကြီး ခါးတောင်းများ ကျိုက်ချင်သေးလား . . . (မကျိုက်ချင်ပါဘူးဘုရား) မကျိုက်ပဲနဲ့လည်း မရဘူး ခင်ဗျားဉစ္စာက . . . (မှန်ပါ့) ကျိုက်ပြန်ရင်လဲ အလွဲကျိုက်မိဖြစ်နေဦးမယ်၊ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

ခါးတောင်းကျိုက်တာ ဒိပြင်နေရာမှာပဲ သူများ မ, နေတာ ကိုယ်မတော့မယ် ဆိုတော့ ခါးတောင်းကျိုက်နေတာ ကိုးဗျ၊ ဒီနေရာတော့ ကျိုက်ကို မကျိုက်ဘူး . . . (မှန်လှပါ) ခါးတောင်းကျိုက်သေးသလား ဦးမြ . . (မကျိုက်ပါဘူးဘုရား)။

အဲဒါကြောင့် ခက်နေကြတာ ဆိုတာကတော့ အားလုံး ဒကာဒကာမတွေ ယနေ့ည သဘောကျပလား . . . (ကျပါတယ်ဘုရား)။

## သောတာပန်တည်နည်း

ကိုင်း ခခင်ဗျားတို့ သောတာပန်တည်နည်း နည်းနည်း ယူဖို့ နှစ်ကြောင်းပဲ ရှိတယ်နော် . . . (မှန်ပါ့)။

သစ္စာဟောတတ်တဲ့ ဆရာနဲ့ တွေ့ဖို့ တစ်ကြောင်း၊

ခင်ဗျားတို့ ကိုယ်တိုင် သစ္စာမြင်ဖို့ . . . (တစ်ကြောင်းပါဘုရား) တစ်ကြောင်း၊ ဒီနှစ်ကြောင်းရှိရင် ဘာတုံး . . . (သောတာပန် ဖြစ်ပါတယ်ဘုရား)။

သောတာပန် အစစ်ဖြစ်ရမယ်၊ ရိပ်မိပြီနော် . . . (မှန်ပါ့)။ ဘယ့်နှစ်ကြောင်းပါလိမ့် . . . (နှစ်ကြောင်းပါဘုရား)။

တစ်နံပါတ်က ဘာတုံး . . . (သစ္စာတရားဟောတတ်တဲ့ ဆရာနဲ့တွေ့မှုပါဘုရား) နှစ်နံပါတ်က (ကိုယ်တိုင်သစ္စာမြင်ရ မှာပါဘုရား) ကိုယ်တိုင်သစ္စာမြင်ရမယ်။

ကိုင်း အခု ဒါဟာ ဒကာဒကာမတို့ ဘုန်းကြီးက ဟောပါပြီ ဒီခန္ဓာငါးပါးဟာ ဒုက္ခသစ္စာပါပဲလို့ ဘုန်းကြီးက ဟောပြီ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒီ ကြားတဲ့စိတ်ကလေးနဲ့အတူတကွ ဖြစ်တဲ့ ခန္ဓာ ငါးပါးဟာ ဘာသစ္စာလို့ ဟောလိုက်တုံး . . . (ဒုက္ခသစ္စာပါ ဘုရား) ဟောတတ်တဲ့ ဆရာလဲ တွေ့ပြီ ခင်ဗျားတို့ ရှင်းပလား . . . (မှန်ပါ့)။

ဟောတတ်တဲ့ ဆရာတော့ မတွေ့သေးဘူးလား . . . (တွေ့ပါတယ်ဘုရား) အဲတော့ ခင်ဗျားတို့က သူက သစ္စာလို့ ဟောထားတယ် ဒါ ဒုက္ခသစ္စာလို့တော့ ဟောထားတယ်။

ခင်ဗျားတို့က ဒုက္ခသစ္စာဖြစ်အောင် ကြည့်ဖို့ပဲ အရေး ကြီးတယ် ဘယ်နှစ်ချက်ပါလိမ့်(နှစ်ချက်ပါဘုရား) နှစ်ချက်တည်း။

## သောတာပန်ဖြစ်ဖို့နှစ်ချက်

ဒုက္ခသစ္စာဟောတတ်တဲ့ ဆရာနဲ့ တွေ့ဖို့ တစ်ချက် . . . (မှန်ပါ့) ခင်ဗျားတို့က သူဟောထားတဲ့ သစ္စာ၊ ဪ . . ဒုက္ခသစ္စာ ဟုတ်ပါတယ်လို့ ဆုံးဖြတ်ချက်ချနိုင်ဖို့ တစ်ချက် . . . (မှန်ပါ့)။

ဒီနှစ်ချက်ပဲ လိုပါတယ် ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား) ကိုင်း ဒါဖြင့် ဘုန်းကြီးဟောတာက ညံ့နေမှာစိုးရတယ် ခင်ဗျားတို့ မညံ့အောင်ပဲ ဟောပေးပါ့မယ်တဲ့။

ဒီခန္ဓာငါးပါးရှိတယ်နော် . . . (မှန်ပါ့) ဒီခန္ဓာငါးပါးသည် ဒကာဒကာမတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒါလည်း ပဋိစ္စသမုပ္ပါဒ်၊ ဒါလည်း ပဋိစ္စသမုပ္ပါဒ်၊ ဒါလည်း ပဋိစ္စသမုပ္ပါဒ်၊ ဒါလည်း ပဋိစ္စသမုပ္ပါဒ်ပဲ၊ အစစ်ပဲမဟုတ်လား . . . (မှန်ပါ့)။

ဟုတ်ဖူးလား ဒါ ပဋိစ္စသမုပ္ပါဒ် တန်းသွားတာပဲ မဟုတ်လား . . . (တန်းသွားတာပါဘုရား) တန်းသွားတော့ ခင်ဗျာတို့ ပဋိစ္စသမုပ္ပါဒ် အဆုံးကို ရွတ်လိုက်ပါလားတဲ့ . . . ။

## ဘုရားက ဘယ့်နှယ်ဟောထားသတုံး

ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ ဆိုလို့ရှိရင် ဒီကလာတာတွေ ဘာလို့ ဟောတုံး . . . (ဒုက္ခအစုကြီးပါဘုရား)။ အင်း ဒါလည်း ဒုက္ခ . . . (မှန်ပါ့) ဒါကော . . . (ဒုက္ခပါ

ဘုရား) ဒါကော . . . (ဒုက္ခပါဘုရား) ဘုရားက ဘယ့်နှယ့် ဟောတုံး . . . (ဒုက္ခအစုကြီးလို့ ဟောထားပါတယ်ဘုရား)။

အင်း ဝေဒနာသည် ဝေဒနာသည် ဒုက္ခကွန္ဓသည၊ ကေဝလသည ချမ်းသာဒီထဲ မရောပါဘူးကွတဲ့ ဒုက္ခကွန္ဓသည ဒုက္ခအစုပါပဲတဲ့ ဟောဘူးလား . . . (ဟောပါတယ်ဘုရား)။

ဒါ ဘယ်သူ ငြင်းနေစရာလိုသေးသတုံး. . . (မလိုပါ ဘူးဘုရား) ဒါ ခင်ဗျားတို့က ဒုက္ခကွန္ဓသကိုဉာဏ်က မရောက် ပဲနဲ့ ပဋိစ္စသမုပ္ပါဒ်ဆိုတာလေးတင် ခင်ဗျားတို့က နားလည်နေ လို့ . . . (မှန်ပါ့)။

တစ်ပိုင်းကြောင့် ဖြစ်နေလို့ ခုတစ်ပိုင်းကြောင့် ဟုတ် သေးရဲ့လား . . . (မဟုတ်ပါဘူးဘုရား) ဒီအဝိုင်းကြီးက ဘာတဲ့ဘုရားက . . . (ဒုက္ခအစုပါဘုရား)။ ဒုက္ခအစုလို့ မဆို ဘူးလား . . . (ဆိုပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဘုရားက ဒုက္ခအစုဟောတဲ့အချိန် ဆရာဘုန်းကြီးကလည်း ဟော ဒီကစတာ၊ ဒါလည်းဒုက္ခပဲ၊ ဒါ ကော (ဒုက္ခပါဘုရား)။ ဒါကော. . . (ဒုက္ခပါဘုရား) ဒီဘက် ကဟာကော. . . (ဒုက္ခပါဘုရား)။

အင်း - ဒုက္ခချည့်ပဲ ဒို့သန္တာန်ဖြစ်တာဖြင့် ဘယ်နေရာ က လာလာ ဘာဆိုကြမယ်. . . (ဒုက္ခချည့်ပါဘုရား) ရှင်းပ လား. . . (ရှင်းပါပြီဘုရား)။

## ဖြစ်တဲ့တရားဟူသ၍ဘာတုံး

ကိုယ့်သန္တာန်ဖြစ်တဲ့တရားဟူသ၍ ဘာတုံး . . . (ဒုက္ခချည့်ပါဘုရား) ဪ-ဆရာဘုန်းကြီးဟောတာပဲ၊ အဟောဒုက္ခပဲရှိသေးတယ် ဟုတ်လား၊ အဟောဒုက္ခပဲ ရှိသေးတယ်။

ဒုက္ခဟုတ်ပါတယ်လို့ ဘုန်းကြီးက ထပ်လောင်းပြီး ဖြည့်လိုက်ပြန်တယ်၊ ဒုက္ခအစစ်နော်၊ အားလုံး ဒကာ ဒကာမတွေ ဒီဥစ္စာ ဒုက္ခအစစ် ဟုတ်လား. . . (မှန်ပါ့)။

ဒုက္ခအစစ်ဆိုတာ ဘာတုံးဆိုတော့ ဒီတရားမှာ ကြည့်လိုက်၊ ဒီခန္ဓာငါးပါးမှာကြည့်လိုက်. . . (မှန်လှပါ)၊ သူတို့မှာ ဖြစ်တာရယ်၊ ပျက်တာရယ်ပဲရှိတယ်၊ ဒီပြင် ဘာရှိသေးသတုံး (မရှိပါဘူးဘုရား)။

ဘာရှိတုံး သူတို့. . . (ဖြစ်တာရယ်၊ ပျက်တာရယ် ရှိပါတယ်ဘုရား)။ဖြစ်တာနဲ့ ပျက်တာပဲရှိပြီး သကာလ သူဖြစ်တာသည် ဘာဖြစ်မလို့ ဖြစ်တာတုံး . . . (ပျက်မလို့ ဖြစ်တာပါဘုရား)။

ပျက်မလို့ ဖြစ်တဲ့ပစ္စည်းတစ်ခုကို ခင်ဗျားတို့က အင်း-ဒီပစ္စည်းဖြင့် ခိုင်ပါလိမ့်မယ်လို့ ခင်ဗျားတို့က လာဦးမလား. . . (မလာပါဘူးဘုရား) လာသင့်ကြရဲ့လား. . . (မလာသင့်ပါဘူးဘုရား)။

ပျက်မလို့ ဖြစ်တဲ့တရား ဒီပစ္စည်းခိုင်ပါလိမ့်မယ်လို့ လာသင့် မလာသင့် ဝေဖန်ကြစမ်း. . . (မလာသင့်ပါဘူးဘုရား) သဘောပါပလား. . . (ပါ ပါတယ်ဘုရား)။

ကဲ-ဒါဖြင့် သူ့သက်တမ်း မေးလိုက်တာပေါ့ဗျာ၊ သေချာသွားအောင်၊ အင်း-တစ်နဲ့နှစ်ပဲရှိမှာပဲ၊ ဖြစ်တာနဲ့ ပျက်တာပဲရှိမယ်။

ထီ-ဆိုတာက တည်တယ်လို့ဆိုထားတော့ ပျက်မလို့ တည်တာကိုဆိုတာကြောင့် ပျက်မှန်းသာသိတော့၊ ဘုရားကိုယ်တော်မြတ်ကြီး အဘိဓမ္မာခုနှစ်ကျမ်းမှာတော့ ဟော့-ဖြစ်တာနဲ့ ပျက်တာသာ ဟောလိုက်တယ်။ ဒါပဲရှိပါတယ်လို့ ဆုံးဖြတ်ချက်ချတော့ . . . (မှန်ပါ့) သဘောကျပလား. . (ကျပါတယ်ဘုရား)။

ကိုင်း-သူ့မှာဘာရှိသတုံး. . . (ဖြစ်တာနဲ့ ပျက်တာသာ ရှိပါတယ်ဘုရား) ဖြစ်တာနဲ့ ပျက်တာကြည့်လိုက်တော့ သူ သိလာတာကို ဒကာ ဒကာမတွေက အကဲခတ်တာပေါ့။

ဩော် . . . ဘာဖြစ်မလို့ ဖြစ်လာပါလိမ့်မတုံးတွေးကြစမ်း. . . (ပျက်မလို့ဖြစ်လာတာပါဘုရား) ပျက်မလို့ဖြစ်လာတာ။ ပျက်မလို့ဖြစ်လာတာကို ဒီကနေပြီး ဉာဏ်နဲ့ နောက်ကနေသွင်းလိုက်တဲ့အခါကျတော့ရှိကို ရှိသေးရဲ့လား . . . (မရှိတော့ပါဘူးဘုရား)။

ဩော်. . . ထင်တဲ့အတိုင်း မဟုတ်ဘူးလား. . . (ဟုတ်ပါတယ်ဘုရား) ဒါဖြင့် သူဖြစ်လာတာလည်း ဒုက္ခရောက်ဖို့ဖြစ်လာတာ. . . (မှန်ပါ့)။

ဒုက္ခရောက်မလို့ ဖြစ်လာတဲ့အကြောင်းကို တစ်ခါ အသေအချာမဂ်ဉာဏ်နဲ့ စဉ်းစားကြည့်လိုက်တော့ ဒုက္ခရောက်လို့ ရှာတောင်မတွေ့ဘူး. . . တွေ့သေးရဲ့လား . . . (မတွေ့ပါဘူးဘုရား)။

## ဒုက္ခရောက်မလို့ဖြစ်လာတဲ့တရား

ဒုက္ခရောက်မလို့ ဖြစ်လာတဲ့တရား၊ ဒုက္ခရောက်သွားတာပဲဆိုတာ ဒကာ ဒကာမတွေ ဒီဉစ္စာ ငြင်းနေဖို့ လိုသေးသလား. . . (မလိုပါဘူးဘုရား)။

မလိုတော့ ဒါ ဆရာဘုန်းကြီး အဟောလို့မှတ်ပါ၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။ ဆရာဘုန်းကြီး၏ အဟော၊ သစ္စာဟောတတ်တဲ့ ပုဂ္ဂိုလ်နဲ့ တွေ့ရမယ်ဆိုလို့ သစ္စာဟောပကောဗျ . . . (မှန်လှပါ)။

ဘာဟောတာတုံး . . . (သစ္စာဟောတာပါဘုရား) ခင်ဗျားတို့ကို သစ္စာဟောတတ်တဲ့ပုဂ္ဂိုလ်နဲ့ တွေ့ဖို့ အရေးကြီးတယ်လို့ဆိုလို့၊ သစ္စာကို တစ်ခါတည်း ဒါ ဒုက္ခသစ္စာပဲ ဟုတ်ဖူးလား၊ ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခပဲရှိတယ်။

သူ့ ဘာရှိသေးသတုံး . . (ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခပဲရှိပါတယ်ဘုရား)။ သူ ဘာသစ္စာဖွဲ့မတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် သစ္စာဟောတဲ့ပုဂ္ဂိုလ်အတွက် တာဝန်ကတော့ဖြင့် ဒကာ ဒကာမတို့ ကျေပြွန်ပြီလို့ ခင်ဗျားတို့က ဆုံးဖြတ်ချက်ချ . . . (မှန်ပါ့)။

ဒီစိတ်ကလေးဖြင့် ဒီကိလေသာ တန်းကလဲ ထို့အတူပဲ ဒီရောက်မနေပေဘူးလား. . . (ရောက်နေပါတယ်ဘုရား) ဘာပြုလို့တုံး ဒီက ဒုက္ခက္ခန္ဓသာက မပျောက်စေနဲ့. . . (မှန်ပါ့)။

ပျောက်လို့တော်ပါ့မလား. . . (မတော်ပါဘူးဘုရား)။ ဒါဖြင့် ဒီစိတ်ကလေးဖြစ်ပြီးပျက်သွားပြန်လည်း သူဘာအစုလို့ဆိုမတုံး . . . (ဒုက္ခအစုပါဘုရား)။

အင်း-သူချုပ်ပြီး၊ သူပေါ်လာပြန်တယ် ထုံးစံမို့ ဘာလုပ်ဖို့ ပေါ်ပါလိမ့် . . . (ဒုက္ခရောက်ဖို့ပါဘုရား)။ ဒုက္ခရောက်ဖို့ ပေါ်လာပြီ ဒုက္ခရောက်သွားတာပဲ။

## ဒုက္ခရောက်သွားတာချည့်ပဲ

နောက် ဒီကံတွေ ပေါ်လာတော့ကော . . . (ဒုက္ခရောက်ဖို့ပါဘုရား)၊ ဒုက္ခရောက်ဖို့ ပေါ်လာပြီ သူ ဘယ်သွားပြန်တုံး. . . (ဒုက္ခရောက်သွားပါတယ်ဘုရား)။ ဒုက္ခရောက်

သွားတာချည့်ပဲဆိုတော့ ဘုရားကဖြင့် ဒုက္ခက္ခန္ဓသာ ဟောထား တာကို ခင်ဗျားတို့က ဒီနိဂုံးချုပ်ကနေ မှတ်ထားလိုက်တော့ ရှေ့ပိုင်းက ဘာဖြစ်ဖြစ် ဒုက္ခချည့်ပဲ. . .။

ဆိုနိုင်ပလား. . . (ဆိုနိုင်ပါတယ်ဘုရား)။ ရှေ့ပိုင်းက ဘာဖြစ်ဖြစ် ဦးမောင်လေးတို့ ဘာဆိုကြမတုံး. . . (ဒုက္ခချည့် ပါဘုရား) ကျေနပ်ကြပလား. . . (ကျေနပ်ပါတယ်ဘုရား)။

ရှေ့ပိုင်းက ဘာဖြစ်ဖြစ် . . . (ဒုက္ခချည့်ပါဘုရား)။ ဒုက္ခချည့်ပဲဆိုတော့၊ ငါကွာတဲ့ မင်းတို့ ဒုက္ခတွေတော့ဖြင့် ပြော ရမယ်ဆိုရင် လမ်းမဆုံးပါဘူးတဲ့၊ မင်းတို့ သိမ်းကျုံးပြီးတော့ ပြောပရစေတော့။

ဘုရားက ဒီလိုကော တာဝန်မယူဘူးလား. . . (ယူပါ တယ်ဘုရား)။ ယူတော့ ဓမ္မစကြာ သွားကြည့်လိုက် သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ပိ ဒုက္ခာ . . . (မှန်ပါ့)။

## ခန္ဓာငါးပါးစလုံးဟာဒုက္ခချည့်ပဲ

ခန္ဓာ ငါးပါးစလုံးဟာ ဒုက္ခချည့်မှတ်ပါတဲ့ကွာ၊ ငါရှည် နေပြန်ပြီ မင်းတို့ ဟောရတာ မပြောဘူးလား . . . (ပြောပါ တယ်ဘုရား)။

ဘယ့်နှယ်ပြောထားတုံး (သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ပိ

ဒုက္ခာပါဘုရား) နို့ ဒါဖြင့် ခန္ဓာငါးပါးပြည့်ရဲ့လား. . . (ပြည့်ပါတယ်ဘုရား)။

ပြည့်တော့ သူ့ဘာဟောတုံး ဘုရားက . . . (ဒုက္ခအစုပါဘုရား)။ တည့်နေပကောဗျ . . . (မှန်ပ့ါ) မတည့်သေးဘူးလား. . . (တည့်ပါတယ်ဘုရား)။

ငါ ကျဉ်းကျဉ်း ဟောပရစေတော့ကွာတဲ့ ဒုက္ခတွေကလည်း နည်းတာမဟုတ်တော့ ခန္ဓာ ငါးပါးဟာ ဒုက္ခလို့ မှတ်ထားလိုက်တာပေါ့ကွဆိုတော့ တစ်ပါးတည်းလည်း ဒုက္ခ။

လေးပါးလည်း. . . (ဒုက္ခပါဘုရား)၊ ငါးပါးပြည့်လည်း (ဒုက္ခပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ သူကလည်း ဟောထားပြီ၊ ဘုန်းကြီးကလည်း ထောက်ခံချက်ပေးပြီ၊ ခင်ဗျားတို့က ဉာဏ်အကြည့်လေးတစ်ခု ကျန်တော့တယ်. . . (မှန်ပ့ါ) ဘယ့်နှယ့်ဆိုကြမတုံး . . . (ဉာဏ်အကြည့်လေး တစ်ခု ကျန်ပါတယ်ဘုရား)။

အဲဒါလေးတော့ ဘုရား တပည့်တော်တို့ ကူပါဦးလို့ ဆိုရင်တော့ ဘုရားလည်း မကူနိုင်ဘူး စိတ်သာချတော့. . . ဒါလေးတော့ ကူပါဦးဆိုတော့ ဘာကျန်တော့တုံးဗျ။

ကျန်သေးရဲ့လား . . . (မကျန်ပါဘူးဘုရား) အေး-

ဒါတော့ မကူနိုင်တော့ဘူး၊ ဘုရားလည်း မကူနိုင်ဘူး သဘော ကျကြပလား. . . (ကျပါတယ်ဘုရား)။

## သားတော်ရာဟုလာ

ဘုရား မကူနိုင်တာ ဘုန်းကြီးရှင်းပြမယ်၊ သူ့ရာဟုလာ သားလေးဟာ သူဒီတစ်ယောက်တည်းမွေးတာပဲ၊ တစ်ဦးတည်း သောသားဆိုရင် ခုခါ ခင်ဗျားတို့ အင်မတန်အလိုရှိတာပဲ. . . (မှန်ပါ)။

မရှိဘူးလား. . . (ရှိပါတယ်ဘုရား) အဲဒီတစ်ဦးတည်း သောသားလေးဖြစ်တော့ ပုထုဇဉ်အဖြစ်နဲ့သာ ကြည့်မယ်ဆို ရင် မည်မျှလောက် ချစ်မြတ်နိုးလိမ့်မယ်ဆိုတာ ပြောဖို့လိုသေး လား . . . (မလိုပါဘူးဘုရား)။

ကဲ သူလည်း ပုထုဇဉ်ကနေပြီး တက်ရတဲ့အခါကျတော့ ဘုရားအဖြစ်ကိုရောက်၊ ဘုရားအဖြစ်သို့ ရောက်ငြားသော် လည်း ဒီကောင်လေးကိုတော့ဖြင့်၊ အင်-နိဗ္ဗာန်ကို အလွယ် တကူနဲ့ ပို့မှပဲ တော်မယ်ဆိုတဲ့စိတ်ကတော့ ပါလာတယ်. . . (ပါ ပါတယ်ဘုရား)။

ပါပေမယ့်လည်း ရာဟုလာ မင်းကွာ ခန္ဓာငါးပါးကို အနိစ္စလား၊ ဒုက္ခလား၊ အနတ္တလားဆိုတာ မင်းဟာမင်း ငါဟော

ပဲ့မယ်ဆိုပြီး ရာဟုလောဝါဒသုတ်ကို ခန္ဓာငါးပါးကိုသူ ပြန်သင်တယ်။

မသင်ဘူးလား. . . (သင်ပါတယ်ဘုရား)။ သင်တော့ သူ့ဟာသူပဲ အနိစ္စမြင်၊ ဒုက္ခမြင်၊ အနတ္တမြင် သူ့ဟာသူပွား လာတယ် ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဘုရားကနိဗ္ဗာန်ထမ်းမခေါ်နိုင်ဘူး

ဒါဖြင့် ရာဟုလာတောင်မှ ဘုရားက နိဗ္ဗာန်ထမ်းမခေါ် နိုင်ဘူးဆိုတာက သေချာတယ်. . . (သေချာပါတယ်ဘုရား) သူ့ဟာသူပွားယူ . . . (မှန်ပါ)။

ဒီမှာလဲ ခု ဘုန်းကြီးက တစ်ချက်ဟောပြီ သောတာပန် တည်နည်းအကြောင်း နောက်တစ်ချက်က ခင်ဗျားတို့အလုပ် ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

နောက်တစ်ချက်က ခင်ဗျားတို့က ဘာလုပ်ရမှာတုံး . . . (ပွားယူရမှာပါဘုရား)။ ပွားယူရမယ်၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲတော့ ရာဟုလာ ထမ်းမခေါ်နိုင်တာ နိဗ္ဗာန်သို့ ဒကာ ဒကာမတွေ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။ မခေါ် ချင်လို့ မခေါ်တာလား၊ မခေါ်နိုင်လို့ မခေါ်တာလား. . . (မခေါ်နိုင်လို့

မခေါ်တာပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီ ဘုရား)။

ငါဘုရားသခင်ကိုယ်တော်မြတ်ကြီး၏အလုပ်ကို ငါရှင်းရှင်းလင်းလင်း ပြောရမယ်ဆိုရင် ငါဘုရားဟာ ဟောဖို့အလုပ်ဟာ ငါဘုရားကွတဲ့၊ ကျင့်ဖို့အလုပ်က မင်းတို့အလုပ်၊ ဒါသေသေချာချာမှတ်ပါတဲ့. . . (မှန်လှပါ)။

ငါဘုရားပွင့်လာတာ ဒါပဲတဲ့ ဟောဖို့အလုပ်က သူ့အလုပ်တဲ့. . . (မှန်ပါ့)၊ ကျင့်ကြံပြီး ပွားများဖို့ အလုပ်က (တပည့်တော်တို့အလုပ်ပါဘုရား) ဒီမှာလည်း ဘုန်းကြီးကို ဒကာ ဒကာမတွေက ကြည်ညိုလေးစားလို့ တရားနာကြ၊ ပြုကြတယ်။

## နိဗ္ဗာန်ကယ်တင်မည့်ပုဂ္ဂိုလ်

အင်း ဒါ-ဒို့ကိုဖြင့် နိဗ္ဗာန်ကယ်တင်မည့် ပုဂ္ဂိုလ်ပဲဆိုတာ ပထမအဆင့်တော့ ကယ်တင်လိုက်တာပဲ၊ ဒီခန္ဓာငါးပါးဟာ ဘာတဲ့တုံး . . . (ဒုက္ခသစ္စာပါဘုရား)။

ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ ရှင်းပလား . . . (ရှင်းပါပြီဘုရား) ဖြစ်တာလည်း . . . (ဒုက္ခပါဘုရား) ပျက်တာလည်း . . . (ဒုက္ခပါဘုရား)။

ကိုင်း-ဘုန်းကြီးကဖြင့် သစ္စာဟောများ ညံ့နေသေး

သလားလို့ မေးလိုက်တယ်. . . (မညံ့ပါဘူးဘုရား) မညံ့ပါဘူး တဲ့။

ဒီ-ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခဆိုတာ ခင်ဗျားတို့ တစ်သက်နဲ့ တစ်ကိုယ် မကြားဖူးပါဘူး. . . (မှန်ပါ့ဘုရား) ဟုတ်ဖူးလား . . . (မှန်ပါ့)။

တစ်သက်နဲ့တစ်ကိုယ် မကြားဖူးတော့ကို အင်း-ဒါတွေ ကစ္စာယန အန္တယ်တွေ ဘုရားက ဟောထားလို့ ဘုန်းကြီးက ဟောရတာ၊ ဖြစ်တာသည် သေမလို့ဖြစ်တာ ခင်ဗျားတို့က သုခလို့တော့စွဲချက်မတင်နဲ့တော့. . . (မှန်လှပါ)။

တင်လို့တော်ပါ့မလား. . . (မတော်ပါဘူးဘုရား) သေသွားတာကိုလည်း ခင်ဗျားတို့က သုခလို့တော့. . . (မတင် ရပါဘူးဘုရား)။

လူမိုက်ဖြင့် ပြောလိမ့်မယ် သေရတာ ကောင်းသေး တယ်လို့ (မှန်ပါ့) လူမိုက်တော့ မတတ်နိုင်ဘူးပေါ့ဗျာ၊ သူ့ အတွက်ကတော့ သူ့အတွက် စဉ်းစားဖို့ လိုသေးသလား . . . (မလိုပါဘူးဘုရား)။

မလိုပါဘူး၊ ကျုပ်ဖြင့် လူဖြစ်ရမှာကို ကြောက်နေတာ ပဲ၊ ပြောပြန်လည်း သူ့အကြိုက်က တခြားကြောင့်မှမဟုတ်ဘဲ၊ ဆင်းရဲတဲ့ အမေမိဘထဲရောက်မှာ သူကြောက်တာ. . . (မှန်ပါ့)။

တကယ်လို့ သူဌေး သူကြွယ် အမေဝမ်းခေါင်းထဲ ရောက်မယ်ဆိုရင် သူကြောက်မှာမဟုတ်ဘူး . . . (မကြောက်ပါဘုရား)။

အဲဒီ အကြောက်မျိုးကိုလည်း ဆိုရတာမဟုတ်ဘူး. . . (မှန်လှပါ) ယခုပေါ်လာတဲ့ ကိုယ့်သန္တာန် ဒါ-ခု တရား နာနေတဲ့ ဒကာ ဒကာမ၏ ကြားဆဲအခိုက်အတန့်ဖြစ်တဲ့ ခန္ဓာငါး ပါးဒါနဲ့ အသက်ရှင်နေတာ . . . (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘယ်သူနဲ့ အသက်ရှင်နေတုံး. . . (ကြားဆဲစိတ်နဲ့ အသက်ရှင်နေပါတယ်ဘုရား) ကြားဆဲစိတ်နဲ့ အသက်ရှင်နေတယ်. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါ ခင်ဗျားတို့ အသက်ရှင်နေတာမို့လား. . . (မှန်ပါ့) အဲ ဒီအသက်ရှင်နေတာဟာ တာရှည်အရှင်ပဲလား၊ ခဏအရှင်ပဲလားလို့ ခင်ဗျားတို့က နောက်က ဘုန်းကြီးပေးထားတဲ့ ဉာဏ်ကလေးနဲ့ ကြည့်လိုက်စမ်း. . . (ခဏရှင်ပါဘုရား)။

ဘယ်လို ဆုံးဖြတ်ချက်ချ . . . (ခဏရှင်ပါဘုရား) ခဏရှင်ဖြင့် ဩော် လူ့ဘဝဆိုတဲ့ဥစ္စာက သက်သက် ဒုက္ခသက်သက်ပဲ ခဏ ခဏ သေရတဲ့ ဒုက္ခ လူ့ဘဝကိုး ပေါ်ပလား. . (ပေါ်ပါပြီဘုရား)။

## ခဏခဏသေရတဲ့ဘဝဟာလူ့ဘဝ

ခဏ ခဏသေရတဲ့ ဒုက္ခဟာ . . . (လူ့ဘဝပါဘုရား) ရှင်းပလား. . (ရှင်းပါပြီဘုရား)၊ ခဏ ခဏ သေရတဲ့ ဘဝဟာ လူ့ဘဝ (ဝါ) ခန္ဓာငါးပါးရလို့ ဆိုနိုင်ကြလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် ဒီလိုမြင်နေတဲ့ ပုဂ္ဂိုလ်ကျတော့ ဒီလူ့ဘဝ ဆုတောင်းရင် ခဏ ခဏ သေရလိမ့်မယ်ဖြင့် ဘယ်သူမှ မတောင်းဘူး. . . (မှန်ပါ့)။

တောင်းပါ့မလား. . . (မတောင်းပါဘူးဘုရား) ခဏ ခဏ သေမှာဖြင့် ထမင်းစားချင်တဲ့အခါ စားကိုးမစားဘဲနဲ့ သေလိမ့်မယ်ကော မဟောနိုင်ဘူးလား. . . (ဟောနိုင်ပါတယ်ဘုရား)။

စားချင်တဲ့စိတ်ကလေးပေါ်လာတယ်၊ ဥပမာ- ဒီဥစ္စာဒါစားချင်တဲ့စိတ် ခန္ဓာငါးပါးမလာပေဘူးလား. . . (လာပါတယ်ဘုရား)။

## စားချင်ဆဲနဲ့သေတယ်

သူ ထမင်းအိုးနားရောက်အောင် သွားနိုင်ရဲ့လား. . . (မသွားနိုင်ပါဘူးဘုရား) မသွားနိုင်တော့ စားချင်ဆဲနဲ့ တော်လို့

သေတာ. . . (မှန်ပါ့) သူ ဒုက္ခရောက်သွားတာ. . . (မှန်ပါ့)။

စားချင်ဆဲကလေးနဲ့ပဲ တစ်ခါတည်း ဆာလောင်မွတ်သိတ်ပြီး သကာလ ဒကာ ဒကာမတွေ ဘာဖြစ်သွားတုံး. . (သေသွားပါတယ်ဘုရား) စားလိုက်ရရဲ့လား . . . (မစားရပါဘူးဘုရား)။

အေး - လူ့ဘဝဆုတောင်းလို့ရှိရင်ဖြင့် စားချင်ပြီး သကာလ မစားရပဲနဲ့ သေလိမ့်မယ်၊ ဒုက္ခရောက်လိမ့်မယ်လို့များ သိရင် လူ့ဘဝဘယ်သူ ဆုတောင်းမယ်. . . (ဘယ်သူမှ မတောင်းပါဘူးဘုရား)။

ဒါ သစ္စာသိလို့ သစ္စာသိလို့ တောင်းမယ့်လူများ ဒီအထဲ ပါသေးသလား. . . (မပါ ပါဘူးဘုရား)။

## ထမင်းစားချင်တဲ့စိတ်

ထမင်းတော့ စားချင်တဲ့စိတ်တော့ ပေါ်လိမ့်မဟော့၊ သို့သော် မစားရဘဲနဲ့ သေလိမ့်မယ်သာ ဟောကြည့်၊ ကဲ ဘယ်သူ ဆုတောင်းမတုံး . . . (မတောင်းပါဘူးဘုရား)။

ဒီအထဲ တောင်းမည့် ပုဂ္ဂိုလ်များပါသေးသလား. . . (မပါ ပါဘူးဘုရား)။ မပါဘူးတဲ့ ခုအသေအချာ ကြည့်တော့လည်း စားလိုက်ရရဲ့လား. . . (မစားရပါဘူးဘုရား)။

ခင်ဗျားတို့ စားချင်တဲ့စိတ်ကလေးက ထိုင်ပြီးသကာလ မိတ်ဆွေတွေနဲ့ စကားပြောနေတုန်း၊ ထမင်းကဆာတယ်၊ ထမင်းဆာလိုက်တာကွာ၊ ပြောသာ ပြောလိုက်ရ ဆာ ဘဲ့စိတ်ကလေးက စားလိုက်ရရဲ့လား. . . (မစားရပါဘူးဘုရား)။

## ထမင်းစားပွဲဆီသွားတဲ့စိတ်

ဒါဖြင့် ဆာတဲ့စိတ်ကလေးက မစားလိုက်ရတော့ ထမင်းအိုးချောင်သွားတဲ့စိတ်ပေါ်လာတယ်. . . (ပေါ်လာပါတယ်ဘုရား) ထမင်းစားပွဲဆီသွားတဲ့စိတ် မပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

သွားတဲ့စိတ်ကကော စားရရဲ့လားလို့မေး . . . (မစားရပါဘူးဘုရား)။ သွားရင်းမဘ္ဘနဲ့ တစ်ခါတည်း သွားတဲ့စိတ်ကလေးကလည်း ခန္ဓာငါးပါး ဖြစ်ပြီး ဒီနေရာတင်ချုပ်၊ ဟိုထမင်းပွဲဆီကိုရောက်ရဲ့လား (မရောက်ပါဘူးဘုရား)။

အင်း. . . လူပြည်ရောက်လို့ရှိရင်ဖြင့် ထမင်းစားချင်ပြီးလဲသေလိမ့်မယ်၊ ဟုတ်လား စားချင်ပြီးလို့ မင်း သွားနိုင်တဲ့အခြေအနေရောက်ပြန်လည်း သွားရင်းသေလိမ့်မယ်ကွ ဆိုရင်ဘယ်သူ ဆုတောင်းဦးမတုံး. . . (မတောင်းပါဘူးဘုရား)။

## ဒုက္ခသစ္စာမြင်လို့

ကဲ ဘယ့်နှယ်တုံး ဒကာ ဒကာမတို့ တောင်းပါဦးမလား (မတောင်းပါဘူးဘုရား)။ ဘာမြင်လို့တုံးသာ အကဲခတ် . . . (သစ္စာမြင်လို့ပါဘုရား) သစ္စာမြင်လို့ ဒုက္ခသစ္စာမြင်လို့၊ ဖြစ်ဒုက္ခ ပျက်ဒုက္ခသွားမြင်တယ် သဘောကျပလား . . . (မှန်ပါ့)။

ဘာမြင်တုံး . . . (ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ မြင်ပါတယ် ဘုရား) ဒါဖြင့် ခင်ဗျားတို့ ဘယ်ဘဝများ ကြိုက်ကြတုံးလို့မေး . . . (ဘယ်ဘဝမှမကြိုက်ပါဘူးဘုရား)။

ကြိုက်လို့ရှိရင်ဖြင့် အင်္ဂတ်သေ၊ သွားရင်းသေ စားရင်း သေ ဖြစ်မှာပဲ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား) သွားရင်း ကော . . . (သေမှာပါဘုရား)။

စားချင်ရင်း မတ္တနဲ့ . . . (သေမှာပါဘုရား)။ ဒါဖြင့် ခင်ဗျားတို့ ဥစ္စာသည် အသေထည် ထပ်တောင်းနေတာပေါ့ (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ငြင်းမနေနဲ့တော့

ဩော်-သစ္စာသိတော့ သံသရာပြတ်တယ်ဆိုတဲ့ဥစ္စာ၊ သစ္စာရှုရင်ဖြင့် သံသရာပြတ်တယ်ဆိုတဲ့ဥစ္စာဖြင့် ငြင်းမနေနဲ့ တော့ ခုပြောလိုက်တဲ့ နှစ်ချက်၊ သုံးချက်နဲ့ သေချာသွားပြီ . . . (မှန်ပါ့)။

မသေချာသေးဘူးလား. . . (သေချာပါတယ်ဘုရား) ရှင်းပလား ဒကာ ဒကာမတို့ . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘယ့်နှယ်လုပ်ကြမတုံး ဒီသစ္စာသိအောင်လုပ် (မှန်ပါ့) ဒီသစ္စာသိအောင်လုပ်လိုက်လို့ရှိရင် လူဘဝလိုချင်တဲ့ ဒီတဏှာဘယ့်နှယ်နေတုံး . . . (မလာပါဘူးဘုရား)။

အင်း စွဲလန်းတဲ့ ဥပါဒါန်ကော. . . (မလာပါဘူး ဘုရား) လူ့ဘဝရောက်ချင်တဲ့ ကံတွေကော . . . (မလာပါဘူး ဘုရား)။

ဒီမဂ်က ဖြတ်ချလိုက်တယ် . . . (လာခွင့်မရပါ ဘုရား) လာခွင့်မရတော့ဘူး။

ဒီတရားတွေရှိမှ ဒီတဏှာတို့ ဒီမာနတို့၊ ဒီ ဒိဋ္ဌိတို့ ဒီကံတွေရှိမှ အားလုံး ဒကာ ဒကာမတွေ နောက်ဇာတိ၊ ခန္ဓာလာမှာ ကိုးဗျ . . . (မှန်လှပါ)။

သူတို့ လာခွင့်ကို မဂ်က မပေးလို့ရှိရင် ဒကာ ဒကာမတွေက ဖြစ်ပါရစေဦး ဆုတောင်းလို့ရှိရင် လုပ်ပေးမယ့်လူ မရှိတော့ဘူး (မှန်ပါ့) ရှိသေးရဲ့လား . . . (မရှိပါဘူးဘုရား)။

## အပေါသိကံဖြစ်ရမယ်

လိုချင်လို့လုပ်ပေးမယ့်လူကကော . . . (မရှိပါဘူး ဘုရား) ဒါဖြင့် ဒီတဏှာ၊ ဒီဥပါဒါန်၊ ဒီကံတွေသည်ကားလို့ ဆိုရင်

အဟောသိကံဖြစ်ရမယ်။ မဖြစ်ဘူးလား . . . (ဖြစ်ပါတယ်ဘုရား)။

ဘယ်သူ့ကြောင့် ဘယ့်နှယ့်ကြောင့် အဟောသိကံဖြစ်ရပါလိမ့်မလဲလို့ အမေးထုတ်လို့ရှိရင်ဖြင့်၊ ကံဖြတ်ပါလာလို့ဟော့ ဟောဒီ မဂ္ဂင်က ကံဖြတ်တာ . . . (မှန်လှပါ) ရိပ်မိပလား (ရိပ်မိပါတယ်ဘုရား)။

ဒီ မဂ္ဂင်က ဘာတဲ့ . . . (ကံဖြတ်တာပါဘုရား) ကဲ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဩော်. . . ခင်ဗျားတို့က မသိခင်တုန်းကတော့ ကံပြတ်မှာ အင်မတန် ကြောက်ရှာတယ် မသိခင်တုန်းက . . . (မှန်ပါ့)။

ကံများကုန်သွားမှာတော့ သိပ်စိုးရိမ်တယ်၊ ခင်ဗျားတို့ဖြစ်တွေလေ. . . (မှန်လှပါ) ဒီကံလေးနဲ့ပဲ နေချင်သေးတယ် ဒီကံနဲ့နေချင် နေတာပေါ့ဗျာ၊ ကမ္ဘဝပစ္စယာ ဘာတဲ့တုံး. . . (ဇာတိပါဘုရား)။

ဇာတိဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား) ဩော် ဒီဒုက္ခသစ္စာမသိလို့ ကံမက်နေတာ. . . (မှန်လှပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

## ကံမရှိရင် ဒုက္ခငြိမ်းမယ်

ဒီ ဒုက္ခသစ္စာသိတဲ့ ပုဂ္ဂိုလ်က ဇာတိဒုက္ခသစ္စာသိတဲ့ ပုဂ္ဂိုလ်ကတော့ ဒီကံမရှိလေ ကောင်းလေစွ၊ ကျုပ်တော့ ဒုက္ခ ငြိမ်းမယ်၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဟော့၊ ဦးဘတင်က ဒီကံမရှိရင် ဘာတုံး. . . (ဒုက္ခငြိမ်း မှာပါဘုရား) ဒုက္ခငြိမ်းမယ် အဲတော့ ဘုရားသခင် ကိုယ်တော် မြတ်ကြီးကတော့ ဒီကံသိပ်ကြောက်တာ။

ဟ-ဦးစံရင်တို့က ဘယ်လိုများ မျက်စိထဲ ကံကြီးများ ဘယ့်နှယ့်နေသေးသတုံးလို့ မေးချင်သေးလား အဲ-ဒကာ ဒကာမတွေ နောက်က မေးချင်သေးသလား . . . (မမေးချင် ပါဘူးဘုရား)။

ကံ ကလေး ဘယ့်နှယ်နေတုံး. . . ဩော် ဘယ့်နှယ်မှ မနေဘူး ဒီကံကလေးကဖြင့် အကျိုးပေးလိမ့်ဦးမယ် ဟုတ်လား၊ အကျိုးပေးလို့ရှိရင် ကမ္မဘဝ ပစ္စယာ . . . (ဇာတိပါဘုရား)။

အဲ ဒါရလိမ့်မယ် ခင်ဗျားတို့ စိတ်သာချနေနော် ရိပ်မိ ပလား. . . (ရိပ်မိပါတယ်ဘုရား)၊ ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာရပါတယ်ဘုရား)။

အဲဒါ ဘယ်သွားမေးမေး ခင်ဗျားတို့ ကျုပ်ကံကလေး များ ဘယ့်နှယ်နေသေးသတုံး မေးတော့ ကျုပ်ကံကလေး

ဆိုနေရင်တော့ ဇာတိရပါလိမ့်ဦးမယ် သဘောကျပလား. . . (ကျပါတယ်ဘုရား)။

## ကျုပ်ဒုက္ခဘယ့်နှယ်နေတုံး

ဇာတိက ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား) ဩော် ကံမေးချင်လို့ရှိရင်ဖြင့် ဒုက္ခမေးချင်လို့သာမှတ်ပေတော့၊ ကျုပ်ဒုက္ခဘယ့်နှယ်နေတုံးမေးရင် ရှင်းတယ်။

ကျုပ်ကံကလေး ဘယ့်နှယ်နေတုံးဆိုပြီးတော့ မြို့သုံးသုံးနေလို့ ခွကျနေတာ. . . ဟုတ်လား (မှန်ပါ့)။

နောက် ကျုပ်ဒုက္ခဘယ့်နှယ်နေတုံး မေးရဲပါ့မလား (မပေးရဲပါဘူးဘုရား) မေးချင် အဲ့ဒါမေးတာ (မှန်ပါ့) ဟုတ်ဖူးလား။

နောက်ကျုပ်ဒုက္ခ ဘယ့်နှယ့်နေတုံးဆိုရင်ဖြင့် ဇာတိဟော ရတော့မှာပဲ . . . (မှန်ပါ့) ဟုတ်ပြီလား . . . (မှန်ပါ့)။

အခုတော့ သူက အဖျားဆွတ်မေးထားတယ်၊ ဒကာဒကာမတွေက နော် ကျုပ်ကံကလေး ဘယ့်နှယ်နေတုံး၊ ကံလေးတောင် အယဉ်တောင်သုံးထားသေးတယ်. . . (မှန်ပါ့)။

မသုံးဘူးလား . . . (သုံးပါတယ်ဘုရား) ဒီကံညွှန့်ကံစကလေးများ အခုချိန် ဘယ့်နှယ်နေတုံး၊ ဟာ ဘုန်းကြီးတို့လို

ဒုက္ခဗေဒင်လာဟောလို့ရှိရင် မင်းကံညွှန့် ကံစဟာဖြင့် မင်းဒုက္ခဖြစ်တော့မှာပဲ ဒါပဲဟောစရာရှိတယ်. . . (မှန်ပါ့)။

ဒီပြင် ဘာဟောစရာရှိသေးတုံး . . . (မရှိပါဘူး ဘုရား) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)၊ နောက် ကံညွှန့် ကံစမေးချင်သေးသလား. . . (မမေးချင်ပါဘူးဘုရား)။

## ကံကိုဘုရားအင်မတန်ကြောက်တယ်

မေးချင်ရင်လည်း တိတ်တိတ်မေးကြပါဗျာ၊ ကျောင်းကတောင် မကြားပါရစေနဲ့ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

ဒီကံဟာ ဘုရားအင်မတန် ကြောက်တယ်ဆိုတာ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။ ကံကြောက်လို့ကံဖြတ်မဂ်ကို ဘုရားက မရအရ ယူတာ ကြည့်ပါလား . . . (မှန်ပါ့)။

ဘာကြောက်တာတုံး . . . (ကံ ကြောက်တာပါဘုရား) ကံကြောက်လို့ ဘုရားက ဘာယူတုံး . . . (ကံဖြတ်ကို ယူပါတယ်ဘုရား)။

ဒါဖြင့် သူ မဂ်ပုဂ္ဂိုလ်ကြီးဖြစ်ချင်တာ ဒကာဒကာမတွေ ရိပ်မိကြရောပေါ့ဗျာ . . . (မှန်ပါ့) ဘာကြောက်လို့ . . . (ကံကြောက်လို့ပါဘုရား)။

ခင်ဗျားတို့ကတော့ ကံကြောက်ရဲ့လား . . . (မကြောက်ပါဘူးဘုရား) ဩော် တယ်ခက်ပါလား ဒကာဒကာမတွေ၊ ကြောက်ရမှာ မကြောက် ခင်ဗျားတို့ဥစ္စာ၊ သဘောကျပလား . . . (မှန်ပါ့)။

## ဒုက္ခသစ္စာကြီး ကျွတ်ချင်တဲ့ကံ လုပ်ပါ

ဒါဖြင့် တပည့်တော်တို့ ကံမလုပ်ရတော့ဘူးလား ဘုရား၊ ဒါနကံ၊ သီလကံ၊ ဘာဝနာကံတွေဟာ လုပ်သာလုပ် ဟုတ်လား ဒီဒုက္ခသစ္စာကြီး ကျွတ်ချင်တဲ့ကံလုပ် . . . (မှန်ပါ့)။

ဒုက္ခသစ္စာ ကျွတ်ချင်တယ်ဘုရား၊ ဒီကံက မဂ်ကံဖြစ်နေပြီ ဘုရား . . . (မှန်ပါ့) ဖြစ်သေးဘူးလား . . . (ဖြစ်ပါတယ်ဘုရား)။

အဲဒါကျတော့ ဒီဘက်က ပဋိစ္စသမုပ္ပါဒ်က ဘယ့်နှယ့်နေတုံး (ပြတ်ပါတယ်ဘုရား)ဒီလိုတော့ လုပ် ဘုန်းကြီးတို့က ဟောတယ် ဟုတ်လား၊ ဒီက ဇာတိရမယ့် ကံမျိုးတော့ .... (မလုပ်ရပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အဲတော့ ကျုပ်ဘယ်တော့ ထောင်ကျပ့်မတုံးဆိုတာ ဇာတိဆိုတာ ထောင် ဟုတ်လား . . . (မှန်ပါ့) ဒကာ ဒကာမတို့ သုံးဆယ့်တစ်ဘုံကြီးဟာ ဘုရားက ထောင်ကြီးဆိုပြီး သကာလ ဟောထားတယ် သံယုတ်ပါဠိတော်များမှာ (မှန်ပါ့)။

## သုံးဆယ့်တစ်ဘုံဟာ ထောင်ကြီး

သုံးဆယ့်တစ်ဘုံဟာ ထောင်ကြီးကွ ဟုတ်လား၊ ထောင်ထဲဘယ်သူ ပို့လိုက်တုံး ဟောဒီ ကုသိုလ်ကံနဲ့ အကုသိုလ်ကံ ဝိုင်းပစ်ချလိုက်တာ ဟောဒီကောင် သေတာပဲကွ။

ဒီလိုဟောတာ ဘုရားက . . . (မှန်ပ့ါ) ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

ကုသိုလ်ကံနဲ့ အကုသိုလ်ကံ အားကောင်းတဲ့လူ နှစ်ယောက်ကတဲ့ အမိဝမ်းခေါင်းကြီးဆိုတာက ရှားမီးတွင်းကြီးကွ သူတို့နှစ်ယောက် ကိုင်ပေါက်ပြီး ချလိုက်တာ ဒီကောင် သေတာပဲ . . . (မှန်ပ့ါ) ရိပ်မိပလား . . . (ရိပ်မိပါတယ် ဘုရား)။

ဘယ်လောက်ဆိုးတုံး (ဆိုးပါတယ်ဘုရား) ခင်ဗျားတို့ အသေအချာ နေချင်တဲ့စိတ်များ ရှိသေးရဲ့လား . . . (မရှိပါဘူး ဘုရား)။

ကံ ကြောက်ဗျ၊ နှို့ ကိုင်ပေါက်မှာ ခင်ဗျားတို့ကို . . . (မှန်ပ့ါ) ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား) ကံ က ဘာလုပ်မယ် ထင်တုံး . . . (ကိုင်ပေါက်မှာပါဘုရား)။

ဒယ်အိုးထဲ ကိုင်ပေါက်တာလည်း သူပဲ. . . (မှန်ပ့ါ)၊ ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)၊ အမိဝမ်းခေါင်းထဲ ကျင

ကြီးကျင်ငယ်ထဲ တွန်းပြီး သတ်ချလိုက်တာကော. . . (ကံပါ ဘုရား)။

ဒီကံတွေဟာ ဒါဖြင့် ဒကာ ဒကာမတို့ ကျုပ်ကံများ ဘယ့်နှယ်နေတုံးလို့ မမေးပါနဲ့၊ အလွန်ဆိုးလွန်းလို့ဆိုတာကော သဘောကျပလား. . . (ကျပါတယ်ဘုရား)

## မင်္ဂကံကို အားကိုးရမယ်

ဒါဖြင့် ဒီကံကို အားမကိုးနဲ့၊ ဒီကံကို အားကိုး . . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ ဘယ်ကံကို အားကိုး ရမှာတုံး. . . (မင်္ဂကံကို အားကိုးရမှာပါဘုရား)။

မင်္ဂကံကတော့ ဘာဖြစ်လို့တုံးဆိုတော့ ဒီကံတွေဖြတ်တယ်. . . (မှန်ပါ့)၊ ပေါ်ပလား. . . (မှန်လှပါ)။

သူက ဘာတုံးဆိုတော့ 'အကဏှ အသုက္ကကံကွ' မမည်း မဖြူတဲ့ကံ. . . (မှန်ပါ့)။

ဒါတွေက ဟောဒီဘက်က တဏှာက ကာမကံကွ၊ ဟောဒါကလည်း ပြိတ္တာကံကွတဲ့၊ ကဲ ဘယ်လောက်ဆိုးနေတုံး (မှန်ပါ့)။

## ကုသိုလ်၊ အကုသိုလ်ကို စွန့်တယ်

ဒီနှစ်ခုကို မင်းတို့မဖြတ်သ၍၊ ငါဘယ်နည်းနဲ့မှ မင်းတို့ ဇာတိထောင်က လွတ်မှာမဟုတ်ဘူးတဲ့၊ ဒါကြောင့် ငါဘုရား သခင်ကိုယ်တော်မြတ်ကြီး ဟောလိုက်တယ်၊ ကုသလာ ကုသလံ ဇဟံ ကုသိုလ်နဲ့ အကုသိုလ်ကို ငါစွန့်လိုက်တယ်၊ သချာဟော တာပဲ မဟောဘူးလား၊ ဟောလား (ဟောပါတယ်ဘုရား)။

ဘယ်ကုသိုလ်တုံးဆိုတော့ ဘုံဘဝ ဇာတိထောင်ချမယ့် ကုသိုလ် . . . (မှန်ပ့ါ) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘယ်အကုသိုလ်တုံးဆိုတော့ ဇာတိထောင်ချမယ့် အကုသိုလ် (မှန်ပ့ါ) ဒါတော့ ငါစွန့်လိုက်တယ်။

ကဲ ခင်ဗျားတို့ နမက္ကာရ ရောက်ခဲ့ကြတာပဲ၊ ကုသလာ ကုသလံ ဇဟံ မလာဘူးလား . . . (လာပါတယ်ဘုရား) ဒါ ဘာစွန့်လိုက်ပြန်တုံး (ကုသိုလ် အကုသိုလ်စွန့်တာပါဘုရား)။

ဘယ့်နှယ်ဒီထောင်ကျမယ့် ကုသိုလ်တွေ စွန့်တာနော် . . . (မှန်လှပါ) ဒီမဂ်ကုသိုလ်ကို စွန့်တာ ဟုတ်ရဲ့လား . . . (မဟုတ်ပါဘူးဘုရား)

အဲတော့ ဒီဟာကို အားကိုး၊ ဒီဟာကို အားကိုးရင် ထောင်လွတ်တယ် . . . (မှန်ပ့ါ) ဒီဟာတွေ အားမကိုးလို့ ဒီကံ

တွေ အားကိုးနေရင် ထောင်ကျမယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ထောင်ကျနဲ့ ထောင်လွတ်သိပလား . . . (သိပါပြီဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

တဲ ယနေ့ ဒီတွင် တော်ကြဦးစို့ . . ။

သာဓု . . . သာဓု . . . သာဓု။